# ကြေးမုံ
The Mirror

၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၄ ခုနှစ်၊ ပြာသိုလကွယ်၊ တနင်္ဂနွေနေ့ (10-2-2013) (၇၃၉၂)


# ကုန်ထုတ်လမ်းများသည် ရာသီမရွေး အသုံးပြုနိုင်သောလမ်းများဖြစ် ကျေးရွာပြည်သူလူထု၏ လူမှုရေးလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်

နေပြည်တော်　　ဖေဖော်ဝါရီ　၉

**နေပြည်တော် ဒက္ခိဏသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာစနစ်ဇကေ(၃၀၀၀)စိုက်ကွင်း မြေပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုလုပ်ငန်းခွင်တို့သို့ ယနေ့နံနက် ၇ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် သွားရောက်ကာ စက်ယန္တရားကြီးများဖြင့် ထွန်ယက်မြေပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်ထုတ်လမ်းများ၊ မြေပြုပြင်ခြင်းလုပ်ငန်းများ၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းနှင့်စိုက်ပျိုးရေသွင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီး ဖြစ်နေသောစိုက်ကွင်းများသို့ ရောက်ရှိပြီး စိုက်ကွင်းအတွင်း စိုက်ပျိုးရေရောက်ရှိနေမှု၊ နွေစပါးအချိန်မီ စိုက်ပျိုးရန် အသင့်ဖြစ်နေမှုများ၊ တစ်ဆက်တစ်စပ်တည်းနေကြာစိုက်ခင်းများ(ဝဲပုံ)၊ ရေတင်စက်ဖြင့် စိုက်ခင်းအား ရေတင်ပေးဝေနေမှုများ၊ ပုလဲသွယ် ရက်(၁၀၀) စပ်မျိုးစပါး ပျိုးခင်း၏ ၁၆ ရက်သားသက်တမ်းရှိ ပျိုးပင်များကို သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ဆောင်ရွက်ပြီးစီးမှုများ၊ ဇကေ(၃၀၀၀) စိုက်ကွင်းအတွင်းရှိ ထန်းတပင်ကျေးရွာနှင့် ကြာပင်ကျေးရွာကြား အလျားပေ ၄၈၀၀ ရှိ ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ရေပေးမြောင်းလက်တံအသစ်တူးဖော်နေမှုလုပ်ငန်းခွင်၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တစ်ဇကေတင်း ၁၀၀ ထွက်ရှိသည့် တောင်သူပညာပေးမြေပဲစိုက်ကွင်းနှင့် တစ်ကွင်း တစ်စပ်တည်း (၆၅) ဇကေ၌ (၈၀) ရက်သား သက်တမ်းရှိ မြေပဲပင်များ စတင်စွယ်ချနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက ဤစက်မှုလယ်ယာစနစ် ဇကေ (၃၀၀၀)စီမံကိန်းအား ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပညာရှင်များက အချိန်တို နှစ်လတာကာလအတွင်း လုပ်ငန်းအားလုံးကို စိုက်ပျိုးချိန်ရာသီအမီ ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်မှုအတွက် နိုင်ငံ့ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုအား အထူးပင် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

ကုန်ထုတ်လမ်းများကို တောင်သူလယ်သမားများ နွေ၊ ညရာသီမရွေး အသုံးပြုနိုင်သောလမ်းများအဆင့် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် လယ်ယာလုပ်ငန်းခွင်တွင် အသုံးဝင်ရုံသာမက ကျေးရွာနေပြည်သူလူထု၏ နေ့နေ့ ညည သွားလာရေး၊ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ အလွန်ထိရောက်သောလုပ်ငန်းဖြစ်ပါကြောင်း၊ ယခုအခါ နွေစပါးရာသီအတွက် စိုက်ပျိုးရေများ

**စာမျက်နှာ ၃ ကော်လံ ၃ သို့** ✻



## စုံစမ်းစစ်ဆေးရေးကော်မရှင် သတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စုံစမ်းစစ်ဆေးရေးကော်မရှင်**

**သတင်းထုတ်ပြန်ချက်အမှတ် (၃/၂၀၁၃)**

**၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**

**(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)**

၁။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ပဉ္စမအကြိမ်မြောက် စုံညီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ ၁၃း၃၀ ချိန်တွင် လွှတ်တော်ဝင်း(အိုင် ၁၂)အဆောင်တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အပြီးသတ်အစီရင်ခံစာပြုစုရေးနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကော်မရှင်ဥက္ကဋ္ဌက အပြီးသတ်အစီရင်ခံစာရေးဆွဲရာတွင် ကျင့်သုံးရမည့်အခြေခံမူများနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ရာ ထိုအခြေခံမူများပေါ်တွင် အစည်းအဝေးတက်ရောက်ကြသော ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပါသည်။

၂။ အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌမှ ကွင်းဆင်းရန် တာဝန်ပေးချက်အရ ကွင်းဆင်းခဲ့ကြသောကော်မရှင်အဖွဲ့ဝင်တို့က ဇန်နဝါရီလ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ သီတဂူအာယုဒါနဆေးရုံတွင် ဆေးကုသမှုခံယူနေကြသော သံဃာ (၆)ပါး၏ ကျန်းမာရေးအခြေအနေနှင့် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာမှ နာမကျန်းဖြစ်သဖြင့် ရန်ကုန်ကလေးဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူခဲ့ပြီး ကျေးရွာသို့ပြန်လည်ရောက်ရှိခဲ့သော ကလေးသူငယ်(၄)ဦးတို့၏ ကျန်းမာရေးအခြေအနေတို့နှင့်ပတ်သက်ပြီး လေ့လာတွေ့ရှိချက်များကို ကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၃။ ထို့အပြင် ကော်မရှင်အဖွဲ့ဝင်တို့သည် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ထပ်မံကွင်းဆင်းလေ့လာပြီး သီတဂူအာယုဒါနဆေးရုံတွင် ဆေးဝါးကုသနေကြသော သံဃာတော်များ၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း၊ မုံရွာခရိုင်၊ မုံရွာဆေးရုံတွင် အုတ်ကန်ပြိုကျပြီး ထိခိုက်ဒဏ်ရာရရှိသဖြင့် ဆေးကုသခံနေသူ အမျိုးသမီးကြီး၏ ကျန်းမာရေးအခြေအနေကို လည်းကောင်း ကော်မရှင်သို့တင်ပြခဲ့ပါသည်။ သီတဂူအာယုဒါနဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသော သံဃာ(၆)ပါးအနက် (၃)ပါးသည် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဆေးရုံဆင်းသွားပြီး ဖြစ်ကြောင်းလည်း သိရှိရပါသည်။

၄။ ကော်မရှင်အား နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၁၂)ဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ရာတွင် ကော်မရှင်အနေဖြင့် နိုင်ငံတော်သမ္မတထံသို့ ကြားဖြတ်အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် တင်သွင်းရန် သတ်မှတ်ပေးခဲ့ပါသည်။ ထိုတာဝန်ပေးချက်အရ ကော်မရှင်အနေဖြင့် ကြားဖြတ်အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့သောကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၁၃) တွင်လည်း အဆိုပါအစီရင်ခံစာသည် ကြားဖြတ်အစီရင်ခံစာသာ ဖြစ်ကြောင်း၊ ထုတ်ပြန်ကြေညာရန် မဟုတ်ကြောင်းဖြင့် ရှင်းလင်းဖော်ပြခဲ့ပါသည်။ ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်သည့်အခါမှသာ အသေးစိတ်အချက်အလက်တို့ကို ထုတ်ပြန်ကြေညာမည်ဖြစ်ပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

**စုံစမ်းစစ်ဆေးရေးကော်မရှင်**

**၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်**



**ရန်ကုန်နှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။**

# လက်ရှိချန်ပီယံရန်ကုန် နိုင်ပွဲပြန်ရပြီး ထိပ်ဆုံးပြန်ရောက်

ရန်ကုန်　ဖေဖော်ဝါရီ　၉

သတင်းနှင့်ဓာတ်ပုံ
............
ရှိုင်းထက်ဇော်

**MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၅) ကို ယနေ့ညနေပိုင်းက ကွင်းလေးကွင်းတွင် ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်၊ ရတနာပုံ၊ ဧရာဝတီနှင့် မကွေးတို့ နိုင်ပွဲပြန်လည်ရရှိသွားသည်။**

**(YUSC ကွင်း)**

ရန်ကုန်ယူနိုက်တက်-နှစ်ဂိုး

(ကျော်ကိုကိုနှင့် ကိုနေး)

နေပြည်တော် - ဂိုးမရှိ

ပွဲစဉ် (၄)တွင် ဇေယျာရွှေမြေအသင်းကို အဝေးကွင်းတွင် အရှုံးပေးခဲ့ရသည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ အိမ်ကွင်း၌ နိုင်ပွဲပြန်လည်ရှာဖွေနိုင်ခဲ့သည်။ ရန်ကုန်အသင်းမှာ အိမ်ကွင်းတွင် ကစားရသော်လည်း နေပြည်တော်အသင်းကို ခြေအသာရခဲ့ခြင်းမရှိဘဲ ပြိုင်ဘက်အသင်း၏ အမှားကို အခွင့်ကောင်းယူနိုင်ခဲ့၍သာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာ ပထမပိုင်းတွင်

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖




ကြေးမုံ စာတည်း ရှုထောင့် ၁၀-၂-၂၀၁၃၊ တနင်္ဂနွေနေ့

# တို့ပြည်ကို ချစ်ပါ

မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ။

"အချင်းအမျိုးသားအပေါင်းတို့ မြန်မာနိုင်ငံသည် အသင်တို့၊ ငါတို့နိုင်ငံ မဟုတ်ပါလော။ အသင်တို့ ငါတို့နိုင်ငံကို ချစ်ခင်ကြဖို့အလုပ်မှာ အသင်တို့၊ ငါတို့၏ မဟာဝတ္တရားတော်ကြီး မဟုတ်ပါလော။ မြန်မာနိုင်ငံသည် မြန်မာဖို့ မဟုတ်ပါလော။ မြန်မာနိုင်ငံသည် မြန်မာဖို့ဖြစ်စေရမည်။ ယခုကစ၍ လုပ်ရမည်။ မမေ့မလျော့ကြကုန်လင့်။ ညီညွတ်ကြကုန်လော့။ အချင်းချင်းရိုင်းပင်းကြကုန်လော့" ဟူသည့် ကြွေးကြော်သံသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလက အမျိုးသားခေါင်းဆောင်များ ဟစ်ကြွေးခဲ့သည့် အသံဖြစ်ပါသည်။

ထိုကြွေးကြော်သံသည် မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားအတွက် နိုးကြားစေလိုသော တပ်လှန့်သံဖြစ်ပေရာ နိုင်ငံနှင့်လူမျိုးအတွက်ဆိုလျှင် မည်သည့်အချိန်၊ မည်သည့်အခါကာလမဆို မမေ့အပ်၊ အသုံးဝင်အပ်သည့် ကြွေးကြော်သံ ဖြစ်ပါသည်။

မြန်မာပြည်သည် တို့ပြည်၊ မြန်မာပြည်ကိုချစ်ပါဟုဆိုရာ၌ မြန်မာပြည်အတွင်းရှိ လူတစ်စု၊ လူတစ်ဖွဲ့အတွက် ကြွေးကြော်ခြင်းမဟုတ်ဘဲ ဧရိယာစတုရန်းမိုင်ပေါင်း နှစ်သိန်းခြောက်သောင်းတစ်ထောင်နှစ်ရာနှစ်ဆယ့်ရှစ်မိုင် ပမာဏရှိသော မဟာပထဝီမြေကြီးထုပေါ်တွင် မှီတင်းနေထိုင်ကြကုန်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ပါဝင်ပါသည်။

ကိုလိုနီခေတ်က မြန်မာနိုင်ငံကို တိုင်းတစ်ပါးသားတို့က ခြယ်လှယ်သွေးစုပ်အမြတ်ထုတ်ကြသည်ကို မခံချိမခံသာဖြစ်ပြီး တိုင်းရင်းသားပြည်သူအပေါင်းတို့ ကိုယ်စား ကိုယ့်ပြည်ကိုချစ်ပါ၊ ကိုယ့်အချင်းချင်း ညီညွတ်ကြပါ၊ ကိုယ့်အချင်းချင်း ရိုင်းပင်းကြပါ၊ တိုင်းတစ်ပါးသားကို အားမပေးပါနှင့်ဟု ကြွေးကြော်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ကြွေးကြော်ခဲ့ရသည်မှာလည်း ထိုအချိန်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားပြီး လူမျိုးခြားတိုင်းတစ်ပါးသားတို့၏ လက်အောက်ကျွန်သပေါက်ဘဝသို့ ရောက်ရှိခဲ့ကာ မတူကွဲပြားမှုများကို ခုတုံးလုပ်၍ သွေးခွဲခံထားရသောကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း မဟုတ်ပါလော။

ထိုဆုံးရှုံးခဲ့ရသောလွတ်လပ်ရေးကိုပြန်လည်ရရှိစေရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဦးစွာတည်ဆောက်ပြီးမှသာ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ခြင်းသာ ဖြစ်ပါသည်။ ရရှိပြီးသော လွတ်လပ်ရေး၊ ရရှိပြီးသော အချုပ်အခြာအာဏာ၊ ရရှိပြီးသော တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ ရရှိပြီးသော တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှုတို့ မပျက်ယွင်းအောင်၊ တည်တံ့ခိုင်မြဲအောင် ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအားလုံးကပင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် မြန်မာပြည်အတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားမျိုးနွယ်စုအပေါင်းတို့သည် နှစ်ပေါင်းထောင်ချီ ထူထောင်ထားသည့် နှစ်သိန်းခြောက်သောင်းကျော်ဧရိယာထုအတွင်း တိုင်းရင်းသားတစ်ဖွဲ့မှလွဲ၍ ကျန်တိုင်းရင်းသားပြည်သူအားလုံး အေးအတူပူအမျှ အတူတကွ ချစ်ချစ်ခင်ခင် နေထိုင်လျက်ရှိကြသည်။

ကျန်တစ်ဖွဲ့မှာလည်း လက်ရှိတွင် ငြိမ်းချမ်းရေးမျှော်လင့်ရောင်ခြည် သန်းစပြုနေပြီမို့ နောင်တွင် မိမိတို့မြေထုအတွင်း ရှိသမျှတိုင်းရင်းသားပြည်သူအားလုံး အတူတကွလက်တွဲကာ စည်းလုံးညီညွတ်စွာဖြင့် တို့ပြည်၊ တို့လူမျိုး၊ တို့အလုပ်တို့ကို တို့အားလုံးအတူတကွ လက်တွဲလုပ်ကြတော့မည်ဖြစ်သည်။

တို့များအားလုံး ညီညွတ်နေလျှင် တို့များအားလုံး အကျိုးခံစားရမည်ဖြစ်သည်။ တို့များအားလုံးမညီညွတ်ပါလျှင် ကိုလိုနီခေတ်ကကဲ့သို့ တိုင်းတစ်ပါးသားတို့၏ ကုပ်သွေးစုပ်ခြယ်လှယ်အမြတ်ထုတ်ခြင်းခံရမည်ဖြစ်သည်။ ထို့ကြောင့် တို့ပြည်ကိုချစ်ပါ၊ တို့လူမျိုးကို ချစ်မြတ်နိုးပါ၊ တို့စကားကို အလေးထားပါဟု ထာဝရကြွေးကြော်နေချင်ပါသည်။ ။

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ၊ပိတ်ပွဲ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဖေဖော်ဝါရီ ၇ ရက်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရေး ဆောင်ရွက်ရန်နည်းလမ်းများကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများအား ဆွေးနွေးမှာကြားစဉ်။ (ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)**

## ကျောက်မျက်ပြခန်းဝင်းအတွင်း ခေတ်မီဓာတ်ခွဲခန်းဆောက်ရန်စီစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းတွင်ရှိသော ကျောက်မျက်ရတနာပြခန်းဝင်းအတွင်းတွင် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ဓာတ်ခွဲခန်း တစ်ခုကို တည်ဆောက်သွားရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါခေတ်မီ ကျောက်မျက်ရတနာစမ်းသပ်သည့် ဓာတ်ခွဲခန်း တည်ဆောက်ပြီးပါက ပြည်တွင်းထွက် ကျောက်မျက်ရတနာများကို နိုင်ငံတကာအဆင့်မီ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်မည်ဖြစ်ပြီး ဈေးကွက်စီးဆင်းမှု လျင်မြန်ချောမွေ့ကာ တိုးတက်မှုများ ရရှိစေရန် အထောက်အကူများ ဖြစ်လာစေမည်ဖြစ်သည်။

ထို့အပြင်ပြည်တွင်းတွင် ကျောက်မျက်ရတနာ အရောင်းအဝယ်ဈေးကွက်ကြီးများကိုလည်း စီစဉ်ထားပြီး ၎င်းဈေးကွက်ကြီးပေါ်ပေါက်လာပါက ကျောက်မျက်အရောင်းအဝယ်များကို ပြည်ပတင်ပို့ခြင်းများနှင့် အခွန်ကင်းလွတ်ခွင့် (Tax Free Zone) များအတွက် အသင်းမှနေ၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းတင်ပြအကောင်အထည်ဖော်သွားရန် ရှိကြောင်း သိရသည်။ **(မြဝ)**





## နွေရာသီတွင် သောက်သုံးရေ အခက်အခဲမဖြစ်ရေး မြောင်မြို့နယ်၌ ကြိုတင်ဆောင်ရွက်လျက်ရှိ

**မြောင် ဖေဖော်ဝါရီ ၉**

မြောင်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်သည့်ကျေးရွာများရှိ မိုးရေစုကန်များတွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလလယ်ခန့်မှစ၍ ရေများခန်းခြောက်ခဲ့သော်လည်း ကြိုတင်ဆောင်ရွက်ထားမှုကြောင့် ယခုအချိန်တွင် သောက်သုံးရေအတွက် စိတ်ပူစရာမလိုကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

"၂၀၁၂ ခုနှစ် တစ်နှစ်လုံးမှာ မြောင်မြို့နယ်အတွင်း မိုးရေချိန် ၁၂ လက်မသာ ရရှိခဲ့တာကြောင့် လူနဲ့ တိရစ္ဆာန်များ သောက်သုံးရေအတွက် မိုးရေစုကန်များကိုသာ အားထားကြရတဲ့ တမဆေးကန်၊ မကျီးကန်၊ ဇရပ်ကုန်း၊ လက်ယက္ခမစတဲ့ကျေးရွာတွေမှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလလယ်လောက်ကတည်းက ကန်ရေတွေပြတ်ခဲ့ပါတယ်။ ဒါပေမယ့် ယခုနှစ် ရေအခက်အခဲကို အဆင်ပြေဖို့ ရေရရှိနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေပြီး နိုင်ငံတော်၊ စေတနာရှင်များ၊ ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်ထားနိုင်တာကြောင့် ဒီနှစ်သောက်သုံးရေအတွက် မပူရတော့ပါဘူး" ဟု မြို့နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ "တစ်နှစ်ပတ်လုံး မြေအောက်ရေကို ရရှိနိုင်မယ့်နဘက်ကျေးရွာမှနေပြီးတော့ ပေပေါင်း ၇၅၀၀ ဝေးတဲ့ တမဆေးကန်ကျေးရွာသို့လည်းကောင်း၊ ထိုမှဆက်၍ ပေပေါင်း ၂၈၀၀ ဝေးတဲ့ မကျီးကန်ကျေးရွာသို့လည်းကောင်း၊ ပေပေါင်း ၂၂၀၀၀ ဝေးတဲ့ ဇရပ်ကုန်းကျေးရွာသို့လည်းကောင်း ဖိုက်ဘာပိုက်များနှင့် သွယ်တန်းပြီး ဒီဇယ်အင်ဂျင်နဲ့ ရွာတွေမှာရှိတဲ့ ဂါလန် (၅၀၀၀)ဆံ့ အုတ်ရေကန်ထဲကို ထည့်ပါတယ်၊ အုတ်ရေကန်မှတစ်ဆင့် ရွာထဲကို ရေပေးပါတယ်၊ အုတ်နဲ့ဘုတ်ကျေးရွာ၊ ကျားအိုကျေးရွာ၊ ရွှေပန်း၊ ရွှေပန်းကျွန်း ကျေးရွာတွေမှာတော့ ပရိမ္မ ကျေးရွာမှာရှိတဲ့ မြစ်ရေတင် ရေပေးမြောင်းတွေကတစ်ဆင့် အုတ်မြောင်းများနဲ့၊ ဖိုက်ဘာပိုက်များနဲ့ ဂါလန်ငါးသိန်းဆံ့တဲ့ ရေကန်တွေဆီကို သွယ်ယူပြီး ထားပါတယ်၊ ကန်မှတစ်ဆင့် ရွာကနေ ရေခပ်ယူပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောပြသည်။

**မြင့်နိုင်စိုး (ထီးလှိုင်မြေ)**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်အတွင်း နေ့စဉ်သွားလာနေသော ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန်နှင့် ခေတ်မီမြို့တော်ကြီးဖြစ်စေရန်အတွက် ခုံးကျော်တံတားကြီး သုံးစင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါတံတား သုံးစင်းအနက် ရွှေဂုံတိုင်ခုံးကျော်တံတားတည်ဆောက်နေသည့် လုပ်ငန်းခွင်နှင့်ဆက်စပ်နယ်မြေဖြစ်သော ကမ္ဘာအေးစေတီလမ်း၊ ဇီဝိတဒါန သံဃာ့ဆေးရုံရှေ့ရှိ ယာဉ်ကြောများကို ယာဉ်ကြောတစ်ကြောသာ ဖွင့်ပေးနိုင်သဖြင့် တံတားတည်ဆောက်နေစဉ်ကာလအတွင်း သည်းခံ၍ စနစ်တကျသွားလာကြရန် ကြိုတင်မေတ္တာရပ်ခံအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



# ပခုက္ကူနှင့်ဂန့်ဂေါခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် ပခုက္ကူမြို့နယ် ကမ္မကျေးရွာ၌ ကျင်းပသော (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆရာတော်ဘဒ္ဒန္တဂုဏာလင်္ကာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့် မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးခြင်းအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ တက်ရောက်၍ မျက်စိခွဲစိတ်ကုသပေးသော ပါရဂူနှင့်ဆရာဝန်၊ သူနာပြုများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ မျက်စိခွဲစိတ်လူနာများအား မျက်မှန်များတပ်ဆင်ပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာရှိ မျက်စိလူနာ ၇၂၇ ဦးအား စမ်းသပ်ပေးခဲ့ပြီး ခွဲစိတ်ကုသသူ ၁၄၀၊ မျက်မှန်တပ်ဆင်သူ ၃၂၄ဦး၊ မျက်စိဆေးပေးရသူ ၂၆၃ ဦးရှိကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီတွင် ပခုက္ကူမြို့ရွှေချောင်းတံတား အမှတ်(၂) ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ရွှေချောင်းတံတားတည်ဆောက်မှုလုပ်ငန်းများ၊ ပခုက္ကူမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးတာဝန်ခံအင်ဂျင်နီယာမှူးကြီး၏ ရှင်းလင်းတင်ပြချက်အပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က စံချိန်စံညွှန်းကိုက်ညီရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ သတ်မှတ်ချိန်အမီပြီးစီးရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် ပေါက်မြို့နယ် ကမ်းပါးဖြူကျေးရွာ၌ သရက်ချောင်းတမံတည်ဆောက်နေမှု၊ မုံရွာ-ပုလဲ- ဂန့်ဂေါ-ဟားခါးလမ်း ၃၄ ပေအကျယ် လမ်းသားတိုးချဲ့ခြင်းလုပ်ငန်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းမှ ဆေးမင်းတော-တောမ-ရေမျက်နီလမ်းပိုင်း မိုင်တိုင်(၉၃/၄)နှင့်(၉၃/၅)အကြား ပေ ၄၀ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဖေဖော်ဝါရီ ၈ ရက်က ကမ္ဘာလှည့်ခရီးသွားများ ရွှေရန်ပြေကျောင်းတော်အတွင်း၌ ရှေးဟောင်းအနုပညာလက်ရာများ လေ့လာကြစဉ်။**

ဖေဖော်ဝါရီ ၈ ရက်နံနက် ၁၀ နာရီခွဲခန့်က ယင်းကျောင်းတော်ကြီးကို လာရောက်လေ့လာကြသော ကမ္ဘာလှည့်များကိုတွေ့၍ မေးမြန်းစုံစမ်းကြည့်ရာဂျာမနီနိုင်ငံမှဖြစ်ပြီး အဖွဲ့ဝင် ၂၀ ခန့် ပါလာကြောင်း သိရသည်။ "ယခု ပါလာတဲ့ ခရီးသွားအားလုံးကတော့ အရမ်းသဘောကျကြပါတယ်။ လေ့လာစရာတွေ၊ အမြင်ဆန်းအသွင်ဆန်းတွေ အများကြီးပါပဲ၊ နောက်ကိုရင်လေးတွေ စာအံနေတဲ့ အချိန်ဆိုတော့ သူတို့ ပိုပြီးသဘောကျပါတယ်၊ ဓာတ်ပုံတွေလည်း အများကြီးရိုက်ကြတယ်။ ဒီလာရတာ အားလုံးပျော်နေကြပြီး နောက်တစ်ခေါက်လာနိုင်အောင် ကြိုးစားဦးမယ်လို့လည်း ပြောကြပါတယ်"ဟု ဧည့်လမ်းညွှန်က ရှင်းပြသည်။ ။

# မော်တော်ယာဉ်များ ထိန်းသိမ်းမှုထိရောက်ရေး

မော်တော်ယာဉ်များသွားလာမှုများပြားလှသော ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောရှုပ်ထွေးမှုနှင့် ယာဉ်တိုက်မှုများလျော့ကျစေရန် မြို့နယ်အလိုက်ယာဉ်ထိန်းရဲတပ်ဖွဲ့တိုးချဲ့ဖွဲ့စည်းမှုကို ဝမ်းသာစွာကြိုဆိုရမည် ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှု အများဆုံးနေရာများမှာ စည်ပင်သာယာ နယ်နိမိတ်အတွင်းသာဖြစ်ပါ၍ ယခုကဲ့သို့မြို့နယ်အလိုက်ယာဉ်ထိန်းရဲများအားတာဝန်ချထားပေးခြင်းဖြင့် ယာဉ်တိုက်မှုများလျော့နည်းကျဆင်းသွားမည်မှာ သေချာသည်။လမ်းဖြတ်ကူးသူများအား ယာဉ်တိုက်မှုဖြစ်ပွားလေ့ရှိသည့် နေရာများကို မြို့နယ်အလိုက်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရှိထားကြပြီးဖြစ်သည်။ ထိုနေရာများတွင် လမ်းလယ်ကျွန်းများသို့မဟုတ် လမ်းလယ်ကွန်ကရစ်ဘလောက်တုံးများ အလုံအလောက်ချထားပေးရန်လိုအပ်နေသည်။

လမ်းဖြတ်ကူးကြရာတွင် ယာဉ်ရှုပ်ထွေးစွာသွားလာသော နေရာများ၌ လမ်းလယ်မှ အကာအကွယ်မဲ့ ခေတ္တစောင့်ဆိုင်းနေရခြင်းမှာ အန္တရာယ်ကြီးမားလှသည်။ လမ်းဖြတ်ကူးသူများမှာ ထိုအချက်ကို သိရှိသော်လည်း ထိုသို့ စောင့်ဆိုင်းမကူးပါလျှင်လည်း လမ်းတစ်ဖက်သို့ ရောက်ရှိရန် မလွယ်လှပါ။ လမ်းလယ်ကျွန်း သို့မဟုတ် လမ်းလယ် ဘလောက်တုံးများရှိပါမှ စိတ်ချကြရမည်။

မြို့နယ်အလိုက်ယာဉ်ထိန်းရဲများအနေဖြင့် အငှားယာဉ်မောင်းများက ခရီးသည်များအား ခေါင်းပုံဖြတ်နေသော လုပ်ရပ်ကိုလည်း နှိမ်နင်းပေးရန်လိုအပ်လျက်ရှိပါသည်။ အငှားယာဉ် များအား ယာဉ်စီးခကိုမီတာဖြင့်သာ တောင်းခံရန် သတ်မှတ်ပေးထားသော်လည်း မည်သည့်အငှားယာဉ်မျှ မီတာဖြင့် ငှားစီး၍ မရသေးပါ။ မီတာဖြင့်ကျသင့်မည့် ငွေပမာဏထက် ပိုမိုတောင်းယူနေကြသည်မှာ ကြာလှပြီ ဖြစ်၏။ ယာဉ်ထိန်းရဲများအနေဖြင့် အရပ်ဝတ်ဖြင့် နေရာအနှံ့မှရံဖန်ရံခါ ခရီးသွားသူများ ဟန်ဆောင်ပြီး အငှားယာဉ်များကို မီတာဖြင့် ငှားရမ်းကြည့်ကြစေလိုပါသည်။ ထိုသို့ ငှားရမ်းကြည့်ရာတွင် မီတာဖြင့် ငှားရမ်းမရသော အငှားယာဉ်မောင်းအား ချက်ချင်းအရေးယူခြင်းမျိုးပြုလုပ်ပါက အလွန်အဆင်ပြေသွားမည်သာဖြစ်သည်။

နောက်တစ်ခုမှာ မှတ်တိုင်များတွင် ကြာရှည်ရပ်ထားပြီး ခရီးသည်တင်လေ့ရှိသော ဘတ်(စ်)ကားများကိုလည်း လမ်းပိတ်ဆို့မှုပုဒ်မဖြင့် အခါမလပ် အရေးယူစေလိုပါသည်။ ဆင်း/တက်/ထွက် စနစ်ကို ဘတ်(စ်)ကားတိုင်းအား လိုက်နာစေခြင်းဖြင့် ခရီးသွားပြည်သူများ စိတ်ချမ်းသာမှုကို မြို့နယ်အလိုက် ယာဉ်ထိန်းရဲများက ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟုမျှော်လင့်မိပါကြောင်း။ ။

**ပါမောက္ခမင်းဓာတု**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

○ **ကျောဖုံးမှ**

ကျောင်းပေါ်၌ စိတ်အေးချမ်းသာစွာပွားများအားထုတ်ကြပါ"ဟု နှိုးဆော်နေသယောင်ယောင် ထင်မှတ်ရ၏။ ရွှေရန်ပြေကျောင်းတော်၏ အမိုးပြုလုပ်ထားပုံမှာ ကျွန်းသစ်များကို အထပ်ထပ်မိုးထားပြီးယင်းအထက်မှာ သွပ်မိုးထားသည်။ ကျောင်းဆောင်အတွင်း အထက်မျက်နှာကြက်နှင့် ကျွန်းတိုင်များအားလုံး မှန်စီရွှေချထားသည်ကို တွေ့ရသည်။

ဘုရားဆင်းတုတော်များ သီတင်းသုံးရာကျောင်းဆောင်နှင့် ပလ္လင်တော်များကိုလည်း မှန်စီရွှေချ ကနုတ်ပန်းများ၊ သစ်သားထွင်းကနုတ်ပန်းအပြောက်အမွမ်းတို့ဖြင့် အံ့သြဖွယ်တန်ဆာဆင်ပူဇော်ထားသည်။ ဤမျှများပြားလှသော ရှေးဟောင်းအနုပညာလက်ရာတို့ဖြင့် ထုံမွမ်းလျက်ရှိသော ကျောင်းတော်ဖြစ်ခြင်းကြောင့် နိုင်ငံခြားခရီးသွားများသည် မရောက်ဘဲ ပြန်သွားသည်ဟု မရှိ၊ ကျောင်းတော်ထဲသို့ ဝင်ပြီးပါကလည်း အချိန်ကြာမှ ပြန်ထွက်လာကြသည်။

❋ **ရှေ့ဖုံးမှ**

လွှတ်ပေးနေမှုကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး အချိန်မီပျိုးထောင်နိုင်ကြရန် ဆည်မြောင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ အမြဲမပြတ် တိုက်တွန်းနှိုးဆော်ပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

❖ **လက်ရှိချန်ပီယံမှ**

ကစားကွက်ပြောင်းပြီး ပုံမှန်ကစားနေကြ ၄-၃-၃ ပုံစံအစား ၄-၄-၂ ပုံစံကို ပြောင်းလဲကစားခဲ့သောကြောင့် ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေပြီး နေပြည်တော်အသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ကစားကွက်ပြန်ပြောင်း ကစားခဲ့၍ ကစားကွက်ပြန်မိလာပြီး နိုင်ဂိုးများပြန်လည်သွင်းယူနိုင်ခဲ့သည်။ ၅၆ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ကျော်ကိုကိုက ခေါင်းတိုက်ကာ အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး ရန်ကုန်အသင်းအား အနိုင်သေချာစေမည့် ဒုတိယဂိုးကိုမူ ၅၃ မိနစ်တွင် ကိုနေးအဒမ်မာက သွင်းယူပေးခဲ့သည်။

**(သုဝဏ္ဏကွင်း)**
မကွေး - နှစ်ဂိုး
(အာမို့စ်)
Southern - တစ်ဂိုး
(ရန်နိုင်ထွေး)

**အောင်ဆန်းကွင်း**
ဧရာဝတီ - နှစ်ဂိုး
(လီအန်ဒရိုနှင့် နေလင်းထွန်း)
ရခိုင် - ဂိုးမရှိ

**(ဗထူးကွင်း)**
ရတနာပုံ - နှစ်ဂိုး
ကောင်းစည်သူနှင့် ရန်ပိုင်
ဇေယျာရွှေမြေ - ဂိုးမရှိ

**(ယနေ့ပွဲ)သုဝဏ္ဏကွင်း**
ဟံသာဝတီ - ကမ္ဘောဇ

**အောင်ဆန်းကွင်း**
ဇွဲကပင် - မနော‌မြေ





## သူပုန်များကိုမထောက်ပံ့ရန် ယီမင်သမ္မတ အီရန်ကိုတောင်းဆို

**ဆာနား ဖေဖော်ဝါရီ ၉**

ဒုံးကျည်များသယ်ဆောင်လာသည့် သင်္ဘောတစ်စင်းကို ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီးရမိပြီးနောက် ၎င်း၏ နိုင်ငံအတွင်းရှိ လက်နက်ကိုင်အုပ်စုများကို ထောက်ပံ့နေခြင်းအား ရပ်ဆိုင်းရန် ယီမင်သမ္မတက အီရန်နိုင်ငံကို တောင်းဆိုလိုက်ကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဒုံးလက်နက်များကို အီရန်နိုင်ငံမှထုတ်လုပ်ခြင်းဖြစ်သည်ဟု ထင်မြင်ချက်များ ပေါ်ထွက်လျက်ရှိစဉ် သမ္မတ အဘတ်ရက်ဆူမန်ဆိုအာဟာဒီ၏ တောင်းဆိုချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်နိုင်ငံက ယင်းလက်နက်များနှင့် မည်သို့မျှ မပတ်သက်ကြောင်း ငြင်းဆိုသည်။ ယီမင်နိုင်ငံက ယင်းအမှုကိစ္စကို စုံစမ်းစစ်ဆေးပေးပါရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တောင်းဆိုသည်။ နိုင်ငံကိုတည်ငြိမ်မှုမရှိစေရန် နိုင်ငံတောင်ပိုင်းရှိ သူပုန်များ၊ ခွဲထွက်ရေးသမားများနှင့် အီရန်နိုင်ငံက ပူးပေါင်းလှုပ်ရှားနေခြင်းကို ယီမင်အစိုးရက စိုးရိမ်ပူပန်လျက်ရှိသည်။

ဇန်နဝါရီ ၂၃ ရက်၌ အမေရိကန်ရေတပ်ဖွဲ့နှင့် လက်တွဲ၍ ယီမင်နိုင်ငံကမ်းခြေတွင် ကြားဖြတ်ဟန့်တားခဲ့သည့် သင်္ဘောပေါ်မှ ယင်းဒုံးလက်နက်များကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ တွေ့ရှိခဲ့သော လက်နက်များတွင် လေယာဉ်ပစ်ဒုံးကျည်များ၊ ဗုံးပစ်လောင်ချာများနှင့် စီ-၄ ဖောက်ခွဲရေး ပစ္စည်းများပါဝင်ကြောင်း တာဝန်ရှိသူများက ပြောသည်။

သတင်းများအရ ၎င်းသင်္ဘောသည် ပင်လယ်နီ အယ်လ်မူခါဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းနေခြင်းဖြစ်ပြီး ယင်းဆိပ်ကမ်း၌ ယီမင်မြောက်ပိုင်းတွင် အခြေစိုက်သော ရှီးယိုက်သူပုန်များက လက်ခံရယူမည်ဖြစ်သည်။ **ဘီဘီစီ။**



## အာကာသမှ အာကာသယာဉ်မှူးနှင့် ကမ္ဘာမြေပြင်မှ ဂီတအဆိုတော်တို့ သီချင်းတစ်ပုဒ်ကို အတူပူးတွဲတီးခတ်သီဆိုခဲ့ကြ



နိုင်ငံတကာ အာကာသစခန်းမှ အာကာသယာဉ်မှူး တစ်ဦးနှင့် ကမ္ဘာမြေပြင်မှ ရော့ခ်ဂီတအဆိုတော် တစ်ဦးတို့ တစ်ချိန်တည်းတစ်ပြိုင်တည်း အတူပူးပေါင်းတီးခတ်ဖျော်ဖြေသီဆိုခဲ့သည့် တေးသီချင်းသည် ဖေဖော်ဝါရီ ၈ ရက်တွင် ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ကနေဒါအာကာသယာဉ်မှူး ခရစ်ဟာဒ်ဖီးလ်ဒ်နှင့် ဂရမ်မီဆုရ ရော့ခ်တေးဂီတအဖွဲ့ Barenaked Ladies မှ ကနေဒါရော့ခ်အဆိုတော် အက်ရောဘတ်ဆန်တို့သည် အာကာသယာဉ်မှူးတစ်ဦး၏ အာကာသအတွေ့အကြုံများနှင့် ကမ္ဘာမြေကို ချစ်မြတ်နိုးပုံအကြောင်း ဖော်ကျူးရေးစပ်ထားသည့် "I.S.S. (Is Somebody Singing)" အမည်ရှိတေးသီချင်းကို အတူပူးတွဲသီဆိုခဲ့ကြခြင်းဖြစ်သည်။

ဟာဒ်ဖီးလ်ဒ်နှင့် ရောဘတ်ဆန်တို့သည် အဆိုပါတေးသီချင်းကို အတူရေးစပ်သီကုံးခဲ့ကြခြင်း ဖြစ်ပြီး ဟာဒ်ဖီးလ်ဒ်မှာ လာမည့်မတ်လမှစ၍ နိုင်ငံတကာ အာကာသစခန်းတွင် ငါးလကြာ တာဝန်ထမ်းဆောင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် အာကာသယာဉ်မှူးတစ်ဦးဖြစ်သည်။ ၎င်းတို့သည် အဆိုပါ တေးသီချင်းကို လွန်ခဲ့သည့် ရက်သတ္တ ပတ်အတွင်း ကနေဒါနိုင်ငံ တိုရွန်တိုမြို့ ၌ အစမ်းတီးခတ် လေ့ကျင့်ခဲ့ကြပြီး ဖြစ်သည်။

ဖေဖော်ဝါရီ ၈ ရက်ကထွက်ပေါ်ခဲ့သည့် အဆိုပါ သီချင်းဗီဒီယိုခွေ၌ ဟာဒ်ဖီးလ်ဒ်က " နိုင်ငံတကာ အာကာသစခန်းမှ ကြိုဆိုပါတယ်။ သီချင်းဆိုဖို့ကတော့ အဆင်သင့်ပဲ " ဟုပြောကြားပြီး ဂစ်တာတစ်လက်ကို ဟန်ပါပါ ဆွဲကိုင်လိုက်သည့် မြင်ကွင်းကို တွေ့ရမည်ဟု သတင်းတွင် ဖော်ပြသည်။

ယခုကဲ့သို့ အာကာသစခန်းမှ ဖျော်ဖြေတီးခတ်မှု ပြုလုပ်ရာတွင် ဟာဒ်ဖီးလ်ဒ်မှာ ပထမဆုံးသော အာသာသယာဉ်မှူး မဟုတ်ပေ။ ၂၀၁၁ ခုနှစ်ဧပြီလအတွင်းက အမေရိကန် အာကာသအေဂျင်စီ နာဆာမှ အာကာသယာဉ်မှူး ကာဒီကိုလီမန်သည် Yuri Gagarin အာကာသယာဉ်ဖြင့် ၁၉၆၁ ခုနှစ် ဧပြီလ ၁၂ ရက်တွင် လူသားများအာကာသသို့ စတင်ခြေချနိုင်ခဲ့သည့် နှစ် (၅၀) ပြည့်အထိမ်းအမှတ်အနေဖြင့် ဗြိတိသျှရော့ခ်တေးဂီတအဖွဲ့ Jethro Tull မှ ရော့ခ်အဆိုတော် အိုင်ယန်အန်ဒါဆင်နှင့်တွဲဖက်၍ Bourree အမည်ရှိ တေးသီချင်းကို ဂြိုဟ်တုဆက်သွယ်မှုမှတစ်ဆင့် ဖျော်ဖြေသီဆိုဖူးသည်။

**(လိုက်ဆိုင်းရင့်)**

## ဇမ်ဘီယာတွင်ယာဉ်မတော်တဆဖြစ် ၅၁ ဦးသေဆုံး

**လူဆာကာ ဖေဖော်ဝါရီ ၉**

ဇမ်ဘီယာနိုင်ငံအလယ်ပိုင်းရှိ ချီဘွမ်ဘိုခရိုင်တွင် ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ကားတစ်စီးတိုက်မိရာ လူ ၅၁ ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၉ ရက် တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၇ ရက် နံနက်စောစောပိုင်းက နိုင်ငံပိုင် ပို့စတယ်ဘတ်စ်ကားလုပ်ငန်းမှပိုင်ဆိုင်သော ဘတ်စ်ကား တစ်စီးသည် ကော့ပါးဘဲလ်တ်ပြည်နယ် အင်န်ဒိုလာမြို့မှ ဇမ်ဘီယာပြည်နယ် မြို့တော်လူဆာကာမြို့သို့ မောင်းနှင်လာစဉ် ကုန်တင်ကားတစ်စီးနှင့် တိုက်မိခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့် ၅၁ ဦးပွဲချင်းပြီး သေဆုံးကြောင်း ရဲတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် အဲလစ်ဇဘက်ကန်ဂျီလာက ပြောကြားသည်။

ဘတ်စ်ကားနှင့်တိုက်မိသော ကုန်တင်ကားမှာ ဘရိတ်ပေါက်ကာ အခြားကားတစ်စီးနှင့်တိုက်မိပြီးနောက် ဘတ်စ်ကားနှင့် ပြင်းထန်စွာတိုက်မိရာမှ ဘတ်စ်ကား တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

## အာဖဂန်တပ်ဖွဲ့ဝင်များ လက်ချက်ကြောင့် တာလီဘန်ငါးဦး သေဆုံး

**ကဘူး ဖေဖော်ဝါရီ ၉**

အာဖဂန်နစ္စတန်နိုင်ငံတွင် အာဖဂန်ရဲတပ်ဖွဲ့ဝင်များက လွန်ခဲ့သော ၂၄ နာရီအတွင်း စစ်ဆင်ရေးပြုလုပ်စဉ် တာလီဘန် တိုက်ခိုက်ရေးသမားငါးဦး သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

အဆိုပါစစ်ဆင်ရေးကို နန်မာဟားကန်ဒါဇ်ကန်ဒါအားဂါဇနီနှင့် ဟဲလ်မန်းပြည်နယ်တို့တွင် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ စစ်ဆင်ရေးပြီးဆုံးပြီးနောက် တာလီဘန်များထံမှ လက်နက်ခဲယမ်းမီးကျောက်များနှင့် ကားနှစ်စီးတို့ကို သိမ်းဆည်းရမိကြောင်း ကြေညာချက်တွင်ပါရှိသည်။

ထို့ပြင်စစ်ဆင်ရေးအတွင်း တာလီဘန်စစ်သွေးကြွဟု သံသယရှိသူ ၁၃ ဦးကိုလည်း ရဲတပ်ဖွဲ့ကဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ **ဆင်ဟွာ။**




"ပိုင်ကုမ္ပဏီများအတွက်အထူးဝမ်းမြောက်ဖွယ်သတင်းကောင်း"

နိုင်ငံတကာစံနှုန်းအတိုင်း အလုပ်လုပ်လိုသော ပိုင်ကုမ္ပဏီများအတွက်
Lucky Concrete Precast Products Manufacturing Co., Ltd.
မှအရည်အသွေးအာမခံပိုင်ချောင်းများအားအထူးချိုသာသော
ဈေးနှုန်းများဖြင့် ထုတ်လုပ်ရောင်းချပေးနေပြီဖြစ်ပါကြောင်း
အထူးသတင်းကောင်းပါးအပ်လိုက်ပါသည်။



ဈေးနှုန်းသက်သာ နိုင်ငံတကာနည်းပညာ အရည်အသွေးမြင့်

အမှတ်(၂၁၇/၂၂၂)၊ ကမ်းနားလမ်းနှင့်ဦးထွန်းညိုလမ်းထောင့်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုံ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-593725 , 09-43176389 , 09-73231270 ,Fax : 01- 593735 , E-mail:luckyconcrete@gmail.com.

# ပြည်ထောင်စုနေ့ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များ လွှတ်တော်အဆောက်အအုံများ ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်မည့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင် ၂၃၅ ဦးတို့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံများကို လာရောက်ကြည့်ရှုလေ့လာပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**





# ပြည်ထောင်စုနေ့ယဉ်ကျေးမှုကိုယ်စားလှယ်များ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၇ ရက်နှင့် ၉ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့၌ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ ဆင်ဖြူတော်ဆောင်၊ လွှတ်တော်အဆောက်အအုံ၊ တပ်မတော်စစ်သမိုင်းပြတိုက်**(အပေါ်ပုံ)**၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ ရေပန်းဥယျာဉ်နှင့် မြို့မဈေးတို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**(သတင်းစဉ်)**

# ၂၀၁၃ ခုနှစ် ဇေကမ္ဘာမြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ယခုလကုန်ပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပမည့် Zaykabar Myanmar Open 2013 Present By Alpine ပွဲစဉ်တွင် နာမည်ကျော်များဖြစ်သော ဂျပန်နိုင်ငံမှ Tetsuji Hiratsuka နှင့် ယမန်နှစ်က အနိုင်ရရှိသူ Kieran Pratt တို့ဦးဆောင်သည့် နိုင်ငံပေါင်း ၂၅ နိုင်ငံခန့်မှ Asian Tour ချန်ပီယံများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

Asian Tour ပွဲစဉ်များတွင် သုံးကြိမ်အနိုင်ရဗိုလ်စွဲပြီး ၂၀၁၀ ပြည့်နှစ်က Myanmar Open တွင်အနိုင်ရရှိခဲ့သော Hiratsuka သည် ယခု Open တွင် တစ်ဖန်ပြန်လည်၍ အနိုင်ရရှိမည်ဟု ယုံကြည်လျက်ရှိသည်။ သူသည် ထိုင်းနိုင်ငံမှ Order of Merit Winner Thaworn Wirat Chand နှင့် ဆွီဒင်မှ Rikard Karlberg စသည့် ထိပ်တန်းဂေါက်သီးသမားများနှင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

စင်ကာပူမှ Mardan Mamad၊ ထိုင်းနိုင်ငံမှ Arnond Vongvanij နှင့် အိန္ဒိယနိုင်ငံမှ Himmat Rai တို့လည်း ယခု Zaykabar Myanmar Open 2013 တွင် ပါဝင်ကြမည်ဖြစ်သည်။

Hiratsuka နှင့်အတူ ပါဝင်ယှဉ်ပြိုင်ကစားမည့် တစ်နိုင်ငံတည်းသားဖြစ်သူ Masanori Kobayashi သည် ယမန်နှစ်က ကျင်းပခဲ့သည့် Asia Pacific Panasonic Open တွင်အနိုင်ရရှိကာ ၂၀၁၂ ခုနှစ် Rookie of the Year ဖြစ်ပြီး နောက်တစ်ဦးမှာ ဂျပန်နိုင်ငံတွင် (၁၀)ကြိမ်ချန်ပီယံဖြစ်ခဲ့သူ Yuta Ikeda ဖြစ်သည်။

Hiratsuka သည် ၂၀၁၀ ပြည့်နှစ်က Myanmar Open တွင် အနိုင်ရရှိပြီးနောက် Asian Tour ပွဲစဉ်သုံးပွဲတွင် ဆက်လက်အနိုင်ရရှိခဲ့ကာ ၂၀၁၁ ခုနှစ် Asia Tour Order of Merit တွင် ဒုတိယအဆင့်ရရှိခဲ့သူဖြစ်သည်။

လွန်ခဲ့သောနှစ်က Hiratsuka သည် ခြောက်ကြိမ်မျှ Cut ထိခဲ့ပြီး ထိပ်တန်းတစ်ဆယ်အဆင့်တွင် တစ်ခါမျှ မဝင်ခဲ့ပေ။ ထို့ကြောင့် ယခု Zaykabar Myanmar Open 2013 တွင် အနိုင်ရရှိအောင် ဝီရိယစိုက်ထုတ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

၂၀၁၂ ခုနှစ်တွင် Qualifying School မှတစ်ဆင့် တက်ခဲ့သော Kobayashi သည် အနိုင်တစ်ပွဲနှင့် ထိပ်တန်းတစ်ဆယ်အဆင့် နှစ်ကြိမ်ရရှိခဲ့ရာမှ Order of Merit တွင် စတုတ္ထအဆင့်ရခဲ့သူဖြစ်သည်။

"Hiratsuka နဲ့ Maruyama တို့နှစ်ဦးစလုံးဟာ Asian Tour မှာ အောင်မြင်ကြသူတွေဖြစ်တယ်။ ဒါကြောင့် ကျွန်တော်လည်းသူတို့ကိုအားကျပြီး သူတို့လိုဖြစ်အောင်လုပ်မယ်လို့ဆုံးဖြတ်လိုက်တယ်။ သူတို့ဟာ နိုင်ငံအတော်များများကို သွားရောက်ယှဉ်ပြိုင်ကစားတာကို နှစ်သက်ကြတယ်။ အဲ့ဒီအတွေ့အကြုံတွေကြောင့်ပဲ သူတို့ရဲ့ဂေါက်သီးဟာ သိပ်ပြီးတိုးတက်လာတာကို တွေ့ရပါတယ်"ဟု Kobayashi ကပြောသည်။

သူသည် ဘေ့စ်ဘောကစားနေရာမှ ဂေါက်တုတ်ကိုင်ဆောင်ခဲ့သော ဆယ်ကျော်သက်လူငယ်တစ်ဦးဖြစ်ပြီး လွန်ခဲ့သောနှစ်က Order of Merit အဆင့် (၄၄)ဖြစ်သည်။ ယခု ၂၀၁၃ ခုနှစ် ပွဲစဉ်ရာသီတွင် ထွန်းပေါက်အောင် ကြိုးစားကစားမည်ဟု ၎င်းကဆိုသည်။

**(မောင်မောင်)**

# ကျေးရွာများဆက်သွယ်ရေး ချောင်းကူးတံတားသစ်ဖွင့်

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၉**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာငါးရွာ လမ်းပန်းဆက်သွယ်ရေး အကျိုးပြု မော်လမြိုင်ကျွန်းမြို့နယ် အောင်လှိုင်ကျေးရွာအုပ်စု ညောင်ရွာဝ ကျေးရွာ သံကူကွန်ကရစ်ချောင်းကူးတံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ညောင်ရွာဝ ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ အလျား ၈၅ ပေရှိ ညောင်ရွာဝ ကျေးရွာချောင်းကူးတံတားသစ်အား ကျေးရွာပြည်သူများနှင့် စေတနာရှင်များ၏ ပါဝင်လှူဒါန်းငွေကျပ် ၄၄ သိန်းကျော်ဖြင့် တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့သောကြောင့် အောင်လှိုင်၊ လပွတ်ကွဲတဲချောင်း၊ နုံးကျွန်း၊ ညောင်ရွာဖျားနှင့် ညောင်ရွာဝ ကျေးရွာပြည်သူများ အချိန်မရွေး သွားလာဆက်သွယ်မှု အဆင်ပြေလွယ်ကူသွားပြီဖြစ်ကြောင်း သိရသည်။

**(၃၄၆)**



# ပီတိကိုစား အားရှိပါဘိ

ပြည်သူတစ်ဦး

မြန်မာစကားတွင် "တပည့်မရှား တစ်ပြားမရှိ ပီတိကိုစားအားရှိပါဘိ" ဟူသော ဆိုစကားကို ကြားဖူးပါသည်။ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သော မြန်မာလူမျိုးများအနေဖြင့် အနန္တောအနန္တငါးပါးတွင် တစ်ပါး အပါအဝင်ဖြစ်သော အနန္တဂိုဏ်းဝင် အာစရိယ "ဆရာများ" ၏ ခံယူကျင့်သုံးလျက်ရှိသော မြင့်မြတ်သည့် ဂုဏ်ပုဒ်အပေါ် ကိုယ်စားပြုရေးသားထားခြင်းဖြစ်ဟန်တူပါသည်။

အနန္တဂိုဏ်းဝင် ဆရာများဆိုသည်မှာ နိုင်ငံ့ခေါင်းဆောင်များမှသည် ကဏ္ဍအသီးသီးတွင် တိုင်းကျိုးပြည်ကျိုး သယ်ပိုးဆောင်ရွက်နေသော အသိပညာရှင် အတတ်ပညာရှင်များ၊ အလွှာအသီးသီးရှိအားလုံးသော လူပုဂ္ဂိုလ်များလည်း ပါဝင်ပါမည်။ ထိုပုဂ္ဂိုလ်များသည် အသိပညာ "ဗလာ"၊ အတတ်ပညာ "နတ္ထိ" ဖြစ်သော"ငယ်ဘဝ"မှပင်စ၍ သင်ယူမှတ်သားခဲ့ကြသူများဖြစ်ပါသည်။ "အသိပညာ၊ အတတ်ပညာ"များ တီထွင်ကြံဆနိုင်မှုအတွက် တွေးခေါ်မြော်မြင်မှုပညာရပ်များ၊ လူ့ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်ပြုမူဆက်ဆံတတ်စေရန်နှင့်လိမ္မာရေးခြားရှိစေရန် သွန်သင်ဆုံးမသင်ကြားမှုများ ပြုလုပ်ခဲ့သကဲ့သို့ ဘဝခရီးဆုံးတိုင်အောင်"မယိုင်မနဲ့ မတိမ်းမစောင်း" ခံယူကျင့်သုံးခဲ့ကြသူများဖြစ်ပါသည်။ နောင်ဝယ်လူကြီးဖြစ်သောအခါ၌လည်း " စာရိတ္တမဏ္ဍိုင်" ၏ အခြေခံအုတ်မြစ်ဖြစ်သည့် အကျင့်စာရိတ္တကောင်းများကို ယနေ့လူငယ်တို့အား လက်ဆင့်ကမ်းအမွေပေးဝေကာ လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန် သင်ကြားမွေးထုတ်ပေးနေသည့် "အဓိကပဲ့ကိုင်ရှင်" လက်ဦးဆရာများဖြစ်ပေသည်။

ရှေးဘိုးဘွားဘီဘင်လက်ထက်မှပင် ကောင်းမွန်သော ဂုဏ်သတင်းများဖြင့် ကျော်ဇောထင်ရှားခဲ့ပြီး တပည့်များဘဝအတွက် အခြေခံအားဖြင့် "မသင်မဖြစ်" သင်ကြားရမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်များတွင်သင်ကြားပေးနေသည့် ဆရာများလည်းပါဝင်သည်။ မိမိ၏ သင်ကြားပေးမှုအတွက် အောင်မြင်တတ်မြောက်မှုအပေါ် ( အောင်မြင်ပြီး၊ အောင်မြင်ဆဲ၊ အောင်မြင်မှုလမ်းကြောင်းပေါ် ) ရောက်ရှိနေသည့် တပည့်များအား ကြည့်ရှု၍ ပီတိဖြစ်မှုအပေါ်တွင်သာ အားရကျေနပ်နေသော၊ လွန်စွာကြည်ညိုလေးစားဖွယ်ကောင်းခဲ့သော ဆရာများဖြစ်ပါသည်။ ၁၉၈၀ ခုနှစ် နှောင်းပိုင်းမှစ၍ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲစီးဆင်းလာသော ခေတ်စနစ်သည် အချို့သော ကျောင်းသားမိဘများက သင်ကြားရေးအပေါ် အတ္တပါသော လောဘစိတ်များ ဝင်လာခဲ့သည်ဟု ထင်မြင်ပါသည်။ သားသမီးများထက်ပင် ကျောင်းသားမိဘများက ကျောင်းပြင်ပပြိုင်ဆိုင်မှုပြင်းထန်မှုများနှင့်အတူ ဆရာများ၏ တပည့်များအပေါ် ထားရှိသော သင်ကြားရေးဆိုင်ရာကျင့်ဝတ် (Teacher's Ethics) များကို အရောင်ဆိုးလွှမ်းမိုးမှုများ ရှိလာရာ "တပည့်မရှား တစ်ပြားမရှိ ပီတိကိုစား အားရှိပါဘိ" ဆိုသော ဂုဏ်ပုဒ်သည်လည်း တဖြည်းဖြည်းယိုင်နဲ့ပြိုလဲလာမည်ဖြစ်သည်။ ကိုးကွယ်သည့် ဘာသာအယူဝါဒ မိရိုးဖလာ သမိုင်းအစဉ်အလာအရ လွန်စွာအန္တရာယ်ကြီးမားသောကြောင့် အသိတရား၊ သတိတရားဖြင့်ယှဉ်၍ အမြန်ဆုံးအချိန်မီ ပြန်လည်တည့်မတ်ရန် လိုအပ်ပါသည်။

သာမန် ပါရမီမျှလောက်ဖြင့် ဆရာလုပ်အသက်မွေးဝမ်းကျောင်းပြု ရှင်သန်ရပ်တည်ရန်မှာ လွန်စွာခဲယဉ်းလှပေသည်။ မြို့ပြရှိ စာသင်ကျောင်းများတွင် ပညာသင်ကြားပေးနေသော ဆရာများအနေဖြင့် သင်ကြားရေးပိုင်းဆိုင်ရာနှင့် အခြားစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအတွက် သင်ထောက်ကူပစ္စည်းနှင့် အခြားရုပ်ဝတ္ထုပစ္စည်းများမှာ ပြည့်စုံကြွယ်ဝမှုရှိသော်လည်း ကျောင်းသားမိဘများ၏ သားသမီးအပေါ် ချစ်စိတ်ကြောင့် အစိုးရိမ်လွန်မှုများ၏ ဆိုးကျိုးများ ဖြစ်စေပါသည်။ ဆရာများအား မြို့ပြနေပြည့်စုံကြွယ်ဝသော ကျောင်းသားမိဘအချို့က မိမိတို့သားသမီးများ ထူးချွန်စေရန် လွဲမှားသောခံယူချက်ဖြင့် တစ်ကိုယ်ကောင်းဆန်ဆန်ပင် သင်ကြားရေးပိုင်းအား နည်းလမ်းပေါင်းစုံဖြင့် ထဲထဲဝင်ဝင်ချဉ်းကပ်လာကြရာ အချို့ဆရာများပင် ဂုဏ်သိက္ခာ ယိုင်နဲ့ပြိုလဲလာမည့် အရေးနှင့် ရင်ဆိုင်နေရပါသည်။ မြို့ပြနှင့် အတန်ငယ်ဝေးကွာသော ဆင်ခြေဖုံးနှင့် ကျေးလက်ဒေသ စာသင်ကျောင်းများတွင် သင်ကြားပေးနေသော ဆရာများအနေဖြင့် သင်ထောက်ကူပစ္စည်းနှင့် အခြားလိုအပ်သော ရုပ်ဝတ္ထုပစ္စည်းများ ပြည့်စုံဖို့ဝေးစွ၊ သင်ကြားရမည့်ကျောင်းသို့ပင် တပည့်များအား အချိန်မီသင်ကြားနိုင်ရန်အတွက် ကားတစ်တန်၊ လှေတစ်တန်အပြင် လမ်းကြုံကားများဖြစ်သည့် သစ်လုံးတင်ကား၊ ကုန်တင်ကား၊ ခရီးသည်ကား၊ ကိုယ်ပိုင်ကား၊ ဆိုင်ကယ်၊ စက်ဘီးပါမကျန် ကြုံရာဖြင့် ခရီးနှင်နေရသည်ကို နယ်ခရီးများသွားလျှင် မြင်တွေ့နိုင်ပါသည်။ ထိုနယ်ဆရာများ သင်ကြားပေးနေရသည့် ဒေသများသည် မြို့ပြကဲ့သို့ ပြည့်စုံကြွယ်ဝသော မိဘများလည်းမရှိ၍ သင်ကြားရေးအပေါ် အရောင်ဆိုး လွှမ်းမိုးခံရမှုများနှင့် ရင်ဆိုင်မှုမရှိသည်ကိုလည်း ပြက်ပြက်ထင်ထင် တွေ့မြင်ရပါသည်။

မြို့ပြတွင်ဖြစ်စေ၊ ကျေးလက်တွင်ဖြစ်စေ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်တိုင်းပြည် ကံကြမ္မာအတွက်အဓိကကျပြီး အရည်အသွေးရှိသည့် ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကြွယ်ဝစွာ ဖြစ်ထွန်းလာရေးသည် အခြေခံအကျဆုံး အချက်ဖြစ်ပါသည်။ သင်ကြားမွေးထုတ်ပေးနေသော အခြေခံပညာရေးနယ်ပယ်မှဆရာများ၏ တပည့်များအပေါ် ခံယူထားရှိရမည့် ခံယူချက်နှင့် ဘုံရည်မှန်းချက်သည် တစ်ထပ်တည်းရှိရန် လိုအပ်ပေသည်။ ဤကဲ့သို့ တင်ပြရခြင်းမှာ မြို့ပြနှင့် ကျေးလက်သင်ကြားရေးပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် ပြဋ္ဌာန်းသင်ကြားစာ တူညီသော်လည်း အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ရာခိုင်နှုန်း ကြီးမားစွာကွာဟနေမှုအပေါ် ပြုပြင်ဆောင်ရွက်ရန် လိုအပ်လာသည့်အတွက်ကြောင့် ဖြစ်ပါသည်။

မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်ပြနိုင်ခဲ့သည့် ကမ္ဘာကျော်ပုဂ္ဂိုလ်များဖြစ်ကြသော လွတ်လပ်ရေးဗိသုကာအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး နှစ်ကြိမ်ဆက်တိုက်တာဝန်ယူဆောင်ရွက်ခဲ့သည့် ဦးသန့်တို့၏ ငယ်ဘဝပညာသင်ကြားမှုသည် မြို့ပြနှင့် အတန်ငယ် ဝေးကွာသည့် "နယ်မြို့"များမှ အစပြုခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါသည်။

အစိုးရသစ်လက်ထက်တွင် နိုင်ငံတကာနှင့် ကဏ္ဍစုံရင်ပေါင်တန်းနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်လာစေရန်အတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးရာ ပညာရေးကဏ္ဍအားမြှင့်တင်ရန် လိုအပ်လာပါသည်။ လက်ရှိတွင် ပြည်တွင်းဘတ်ဂျက်ငွေများအား တိုးမြှင့်သုံးစွဲဆောင်ရွက်မှုများ စတင်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာမှ ပံ့ပိုးလှူဒါန်းလာသော ငွေကြေးနှင့်နည်းပညာ အထောက်အကူများကိုလည်း ပညာရေးနှင့် သက်ဆိုင်သည့် ကဏ္ဍအသီးသီးတွင် စတင်သုံးစွဲ အသုံးချဆောင်ရွက်နေပြီဖြစ်ပါသည်။ သာဓကတစ်ခုတင်ပြရလျှင် တစ်ချိန်က ဒေသတွင်းကျော်ကြားခဲ့သော ရန်ကုန်တက္ကသိုလ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် သင်ကြားရေးအတွက် လိုအပ်သော စာသင်ဆောင်များအား အကြီးစားမွမ်းမံခြင်း၊ ပြင်ဆင်ခြင်းနှင့် တက္ကသိုလ်မှ ဆရာ ဆရာမများကိုလည်း အမေရိကန်နှင့် ကိုရီးယားနိုင်ငံတို့ရှိ တက္ကသိုလ်များမှ ဘာသာရပ်အလိုက်ကျွမ်းကျင်သူ ပညာရှင်များ လာရောက်၍ သင်တန်းပို့ချပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ တစ်ပြိုင်တည်းတွင် ၁၉၉၇ ခုနှစ်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားနိုင်ခဲ့ခြင်းမရှိတော့သည့် ဂုဏ်ထူးတန်း သင်တန်းများကိုလည်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေမှုများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

မည်သို့ပင် တက္ကသိုလ်များအား အဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်နေစေကာမူ တက္ကသိုလ်ပညာရေးကို ထူးချွန်စွာတတ်မြောက်သင်ယူပြီး နိုင်ငံတကာ တက္ကသိုလ်နှင့် နိုင်ငံတကာပညာရေးနယ်ပယ်တွင် အမိနိုင်ငံမှ ကျောင်းသားများ "ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရန်"အတွက် "အခြေခံပညာရေးကဏ္ဍ"မှစ၍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရတော့မည်ဖြစ်သည်။ ကလေးများအတွက် "အစကောင်းမှ အနှောင်းသေချာ"ဆိုသော စကားကဲ့သို့ အရည်အသွေးပြည့်ဝသော ပညာရေးဝမ်းစာများ ဖြည့်ဆည်းပေးရန် လိုအပ်ပေသည်။ ဗုဒ္ဓဘာသာတို့၏ အယူဝါဒအရ ပြောဆိုလေ့ရှိသော "အတိတ်ကံပဲလား" သို့မဟုတ် "အခြားအကြောင်းအမျိုးမျိုးကြောင့်ပဲလား" ဟူ၍ ဝေခွဲမရအောင် အခြေခံဆရာများမှာ နိစ္စဓူဝ ခက်ခဲကြမ်းတမ်းစွာ သွားလာလှုပ်ရှားနေရပါသည်။ "လူ့စွမ်းအားအရင်းအမြစ်" စတင်ရှင်သန်ပေါက်ဖွားရာ အခြေခံပညာရေးနယ်ပယ်မှ "ပီတိကိုသာစား"၍ ပါရမီအခံနှင့် မွန်မြတ်သောခံယူချက်တို့ကြောင့် အားရှိနေကြပါသည်။ ဒေသခံမှ လွဲ၍ သင်ကြားရေးအတွက် သတ်မှတ်ထားသော ပညာအရည်အချင်း ဘွဲ့ဒီဂရီနှင့်ကိုက်ညီသည့် ဆရာများအား သွားရေးလာရေးမှအစ သင်ကြားရေးအဆုံး အစစအရာရာ အဆင်ပြေသော မြို့ပြပေါ်ရှိ စာသင်ကျောင်းများမှ ဆရာများနှင့် အလျဉ်းသင့်သလို ပြောင်းလဲတာဝန်ထမ်းဆောင်ကာ သင်ကြားစေခြင်းဖြင့် လည်းကောင်း၊ အလှည့်ကျတာဝန်ထမ်းဆောင်နိုင်ရန် စနစ်တကျ စီမံစီစဉ်ထားခြင်းဖြင့် လည်းကောင်း အနန္တဂိုဏ်းဝင် ဆရာများ၏ တပည့်များအပေါ် ထားရှိသော "မွန်မြတ်စိတ်ထား"နှင့် "ဘုံရည်မှန်းချက်"များမှာ တစ်ထပ်တည်း ကျစေနိုင်မည်ဟု ယူဆပါသည်။ ထိုအခါ ပညာရေးကဏ္ဍတွင် မြို့ပြနှင့် ကျေးလက်ကြီးမားစွာ ကွာဟနေမှုများမှာလည်း တဖြည်းဖြည်းကျဉ်းမြောင်းလာစေနိုင်ကြောင်း ကောင်းမွန်သော စိတ်စေတနာကောင်းဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၀-၂-၂၀၁၃ (တနင်္ဂနွေနေ့)**

**(၁၃၇၄ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ဥပုသ်နေ့)**

၇း၀၀ ပရိတ်တရားတော်
၈း၀၅ SEA Games (Go for Gold) (တိုက်ကွမ်ဒို)
၈း၃၀ (၆၆)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁း၂၀ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၄၀ မြန်မာရုပ်ရှင် "ချစ်မြေ" (ကောလိပ်ဂျင်နေဝင်း၊ ညွန့်ဝင်း၊ ခင်ယုမေ၊ မေလှဲ့ဝင်း) (ဒါရိုက်တာ ဦးတင်ယု၊ ဦးတင်မောင်)
၂း၃၅ "အလျော်အစား"
၂း၄၅ ရုပ်မြင်ရသတေးစုကဏ္ဍ (ကိုမှူး)
၄း၁၅ (၆၆)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄း၃၀ ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
၆း၂၀ ကာတွန်းအစီအစဉ် "လီယိုကိုလျှို့ဝှက်သင်္ကေတ"(အပိုင်း-၂၂)
၆း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့် နေ့ရက်များ" (ဒုတိယတွဲ) (အပိုင်း-၂၁)
-ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ
တစ်မျက်နှာ၊ တစ်ကွက်စား "အနှင်း" (ပထမပိုင်း) (စွမ်းရည်၊ မာရီနာ) (ဒါရိုက်တာ မေတင်) (MMG)
-နိုင်ငံခြာဇာတ်လမ်းတွဲ "ငါးပျံကိုယ်ရံ တော်တပ်ဖွဲ့" (ဇာတ်သိမ်း)

## မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ် မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများ ပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန် များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံ့ဘေး အဖီအဆွယ်နေထိုင် ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေး အတွက် နှိုးဆော်ပေးပါ။

**မီးသတ်ဦးစီးဌာန။**



**ပြည်တွင်းရေးရာ**

# ကျိုင်းတုံမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကွင်း/ဦးပိုင်အမှတ် ၈၁/၁၄ ဦးစိုင်းရဲန်တစ်၏ ပုလဲသွယ်စပ်မျိုးစပါးငါးဧက စိုက်ခင်း၌ ပုလဲဓာတ်မြေဩဇာနှင့် နွားချေးကြဲပက်နေမှု၊ ကတ်တောင်-ကတ်ထိုက်လမ်း မြေသားလမ်းဖောက်လုပ်ပြီးစီးမှု၊ နမ့်ခင်၊ နမ့်လပ်ဆည်စီမံကိန်းရှိရာ ကျိုင်းဖောင်းချောင်း၌ လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# ပုဂံဒေသသို့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ လာရောက်မှုတိုးတက် ထူးခြားလှပသည့် မြင်ကွင်းများ ပိုမိုစိတ်ဝင်စားအောင် စီမံဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ယခုနှစ်အတွင်း ပုဂံဒေသသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်မှုသည် ယခင်နှစ်ကာလများထက် ပိုမိုတိုးတက်လာလျက်ရှိရာ ပုဂံဒေသ၏ တစ်မူထူးခြားလှပသည့် ပတ်ဝန်းကျင်မြင်ကွင်းကို ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားစွာဖြင့် လေ့လာကြည့်ရှုခံစားနိုင်ရေးနှင့် အဆင်ပြေစေရေးတို့အတွက် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို တက်ရောက်လေ့လာခွင့်ပြုပေးနိုင်မည့် စေတီပုထိုးများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ရှေးဟောင်းအဆောက်အအုံများနှင့် စေတီပုထိုးများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကြိုတင်ကာကွယ်ထိန်းသိမ်းရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဖေဖော်ဝါရီ ၇ရက်နှင့် ၈ ရက်တို့တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည့် ပုဂံအာနန္ဒာဘုရားရှိ နံရံဆေးရေးပန်းချီနှင့် အနုလက်ရာများ ရှေးမူလက်ရာမပျက် အထွေထွေကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းခွင်ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိုးယွန်းကြီးအင်းဘေးမဲ့တော

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် စုစုပေါင်း ၄၀ စတုရန်းမိုင်၊ ဧက ၂၅၆၀၀ ကျယ်ဝန်းပြီး ၁၉၈၈ ခုနှစ် မတ်၁၈ ရက်တွင် ဘေးမဲ့တောဒေသအဖြစ် သတ်မှတ်ခဲ့သည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောသည် မြန်မာနိုင်ငံရှိ ကမ္ဘာ့အဆင့်မီရေတိမ်ဒေသကြီး ၁၉ ခုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လက်ရှိတစ်ခုတည်းသော Ramsar Site စာရင်းဝင် အင်းကြီးတစ်ခုဖြစ်သည်။ လက်ရှိပြုစု ရရှိထားသောစာရင်းအရ မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ရေပျော်ဌာနေ ငှက် ၂၇ မျိုးနှင့် ဆောင်းခိုငှက် ၃၈ မျိုး၊ ကုန်းပေါ်ဌာနေ ငှက် ၃၂ မျိုးနှင့် ဆောင်းခိုငှက် ၂၈ မျိုး အပါအဝင် စုစုပေါင်း ကုန်းနေရေနေသတ္တဝါမျိုးစိတ်ပေါင်း ၄၀၀ ကျော်ရှိကြောင်း သိရှိရသည်။ ထို့အပြင် မိုးယွန်းကြီးအင်းအတွင်းမှ ကြာသက်န်းရက်လုပ်သည့် ပဒုမ္မာကြာကိုလည်း ထုတ်ယူရရှိနိုင်ပြီး ကြာတောပေါက်ရောက်မှု ဧရိယာ ၆၈၅ ဧက ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဖေဖော်ဝါရီ၅ ရက်တွင် ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်များအတွင်း တည်ရှိသည့် မိုးယွန်းကြီးအင်း ဘေးမဲ့တော**(အပေါ်ပုံ)**သို့ သွားရောက်၍ ငှက်အုပ်များကျရောက်ကျက်စားမှုနှင့် ပြည်သူလူထု လေ့လာနိုင်ရန် ဆောင်ရွက်ထားသော အစီအမံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် သဘာဝအခြေခံ ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်နိုင်သည့် ဧရိယာတစ်ခုဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ရွှေပြည်အေးခရီးသွားကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်း၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလုပ်ငန်းကို ၁၉၉၅-၉၆ ခုနှစ်မှစတင်၍ဆောင်ရွက်လျက်ရှိသည်။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုရန် ရေတိမ်ဒေသများဆိုင်ရာ ပညာပေးပြခန်း၊ ဧည့်သည်ရှစ်ဦးမှ ၁၆ ဦးအထိ တည်းခိုနိုင်သော မိသားစုအခန်းများပါသည့် အဆောက်အအုံနှစ်လုံး၊ လူနှစ်ဦးတည်းခိုနိုင်သော လှေပုံသဏ္ဍာန် ရေပေါ်အိမ် ၁၀ လုံးနှင့် အင်းအတွင်း လေ့လာနိုင်ရန် စက်တပ်လှေများကိုလည်း စီစဉ်ပေးထားသည်။

ရေတိမ်ဒေသများသည် ဇီဝမျိုးစုံမျိုးကွဲများဖြင့်ကြွယ်ဝပြီး လူသားတို့အတွက် တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟဝန်ဆောင်မှုများကို ဆောင်ကြဉ်းပေးနိုင်သည်။ ရေတိမ်ဒေသများသည် လူနေဒေသများနှင့် စိုက်ပျိုးဧရိယာများအား ရေကြီးရေလျှံမှုမဖြစ်စေရန် ရေလွှဲဒေသများအဖြစ် တည်ရှိခြင်း၊ တန်ဖိုးရှိငါး၊ ပုစွန်တို့၏ ဘဝစက်ဝန်းတွင် ဥချသားပေါက်သည့် ဒေသများဖြစ်ခြင်း၊ မြေအောက်ရေတိုးပွားစေခြင်းနှင့် သန့်စင်စေခြင်း၊ ရာသီဥတု ထိန်းညှိပေးခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ဒေသခံပြည်သူလူထု၏ စားဝတ်နေရေးအတွက် ရေထွက်ပစ္စည်းများ ပံ့ပိုးပေးခြင်းစသည့် တိုက်ရိုက်နှင့် သွယ်ဝိုက်အကျိုးကျေးဇူးများပေးနိုင်သည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောဝန်ထမ်းများအား ဒုတိယဝန်ကြီးက မိုးယွန်းကြီးအင်း ရေအဝင်အထွက် ကိန်းဂဏန်း အချက်အလက်များနှင့် အင်း၏ကြမ်းပြင် (Lake Bed) မြင့်တက်မှု အခြေအနေများကို နမူနာကွက်များသတ်မှတ်၍ တိုင်းတာမှတ်တမ်းတင်ရန်၊ နွေရာသီတွင် ရေမျက်နှာပြင် နိမ့်ကျမှုကြောင့် ပေါ်ပေါက်လာသော လတာပြင်များသည် အင်းအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၏ ဘဝဖြစ်စဉ်တွင် အရေးပါသည့်အပြင် ဒေသတွင်းငှက်မျိုးများနှင့် ဆောင်းခိုငှက်များကျက်စားရာ နေရာများလည်းဖြစ်သဖြင့် လယ်မြေကျူးကျော် စိုက်ပျိုးခြင်း၊ စားကျက်ချခြင်းများ မပြုလုပ်ရေးအား ပညာပေးစည်းရုံးခြင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့် ကိုင်တွယ်ဆောင်ရွက်ခြင်းများ ပြုလုပ်ရန်နှင့် ကန်အတွင်း ပျက်စီးယိုယွင်းနေသည့် ငှက်ကြည့်စင်များကို ပြင်ဆင်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❖ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသမှ**

ဧရိယာ ၁၄၇၂ စတုရန်းမိုင် ကျယ်ဝန်းသည်။ ယင်းအမျိုးသားဥယျာဉ်တွင် အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ထင်းရှူးတော၊ ရေခဲတောင် ဂေဟစနစ်များကို လေ့လာနိုင်ပါသည်။ ရေခဲဖုံးတောင်များပေါ်သို့ တက်ရောက်နိုင်ခြင်း၊ ရောဝတီမြစ်ဖျားခံရာ ဒေသပတ်ဝန်းကျင်အခြေအနေများ လေ့လာနိုင်ခြင်း၊ သာယာလှပသော သဘာဝရေမြေတောတောင် ရှုခင်းများ ခံစားကြည့်ရှုနိုင်ခြင်း၊ အပင်နှင့်တိရစ္ဆာန်မျိုးစိတ်သစ်များ လေ့လာရှာဖွေဖော်ထုတ်နိုင်ခြင်း၊ ဒေသခံရဝမ်၊ လီဆူး၊ မြန်မာ-တိဘက်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူနေမှုစနစ်များကို လေ့လာနိုင်ခြင်း၊ ရှားပါးတိရစ္ဆာန်များဖြစ်သည့် သားမင်း၊ ကတိုး၊ ရေခဲတောဆိတ်၊ ချေနက်၊ ဖက်ချေတို့အပြင် လိပ်ပြာနှင့် အင်းဆက်ပိုးများအား လေ့လာနိုင်ခြင်း စသောအခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

**ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**သည် ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်မြို့နယ်တို့တွင် တည်ရှိပြီး ဧရိယာ ၁၀၄၄ စတုရန်းမိုင်ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောတွင် မှတ်တမ်းတင်ထားပြီးသော ငှက်မျိုးစိတ် ၃၇၀၊ လိပ်ပြာမျိုးစိတ် ၃၆၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၈၂ မျိုးတို့အား လေ့လာနိုင်ခြင်း၊ ဆောင်းကာလတွင် ဆီးနှင်းဖုံးတောင်ပေါ် သဘာဝရှုခင်း၊ သဘာဝတောင်ပေါ်ထင်းရှူးတော၊ တောင်ဇလပ်တောများကို လေ့လာခံစားနိုင်ခြင်း၊ ဆီးနှင်းဖုံးတောင်ထိပ်သို့ ခြေကျင်တောင်တက်ခရီးရှည်သွားလာခံစားနိုင်ခြင်း၊ တောတွင်းဖောင်စီးခရီးကြမ်းသွားလာခံစားနိုင်ခြင်း၊ ဖုန်ကန်ရာဇီဒေသ ဇီဝမျိုးစုံမျိုးကွဲ လေ့လာနိုင်ခြင်းနှင့် သုတေသနပြုနိုင်ခြင်း၊ ဒေသခံလူမျိုးတို့၏ ဓလေ့စရိုက်တို့ကို လေ့လာနိုင်ခြင်းစသော အခွင့်အလမ်းများကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

**အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**သည် မိုးညှင်းမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၃၁၄ ဒသမ ၆၇ စတုရန်းမိုင်ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောတွင် ကချင်ပြည်နယ်၏ တန်ခိုးကြီးရေလယ် ရွှေမဥ္ဇူဘုရားဖူးမြော်ခွင့်ရရှိခြင်း၊ အရှေ့တောင်အာရှ၏ အကြီးဆုံးကုန်းတွင်းရေအိုင်ကြီးတစ်ခုကို ရှုမြင်ခံစားနိုင်ခြင်းနှင့် ရေတိမ်ဒေသဂေဟစနစ်ကို လေ့လာနိုင်ခြင်း၊ ဆောင်းခိုငှက်များကို လေ့လာနိုင်ခြင်း၊ သဘာဝသစ်တောကြီးပိုင်းကြီးများ၏ သားငှက်တိရစ္ဆာန်၊ သစ်ပင်၊ ပန်းမန်မျိုးစုံတို့ကိုလေ့လာနိုင်ခြင်း၊ ဒေသခံ ရှမ်း၊ ကချင်တို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူနေမှုစနစ်တို့ကို လေ့လာနိုင်ခြင်းစသော အခွင့်အလမ်းများ ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

**ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**သည် တနိုင်းမြို့နယ်တွင်တည်ရှိပြီး မူလက ဧရိယာ ၂၄၆၀ စတုရန်းမိုင်သာကျယ်ဝန်း၍ ၂၀၀၄ ခုနှစ်က စတင်တည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောကို ၂၀၁၀ ခုနှစ်တွင် ကချင်ပြည်နယ် တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် ဧရိယာ ၁၆၇၃ စတုရန်းမိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ် ခန္တီးမြို့နယ်တို့တွင် ဧရိယာ ၂၅၇၅ စတုရန်းမိုင်တို့ကို ထပ်မံတိုးချဲ့တည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောတွင် သဘာဝအနေအထားအတိုင်းနီးပါး တည်ရှိနေခြင်းနှင့် ဇီဝမျိုးစုံကြွယ်ဝသည့် အနေအထားကို လေ့လာကြည့်ရှုနိုင်ခြင်း၊ ကျား၊ ဆင်အပါအဝင် တောရိုင်းတိရစ္ဆာန်များအား လေ့လာနိုင်ခြင်း၊ တောတွင်းသို့ ဆင်စီး၍ ရက်ရှည်ခရီးသွားနိုင်ခြင်း၊ ချောင်းလက်တက်များတစ်လျှောက် လှေစီးစုန်ဆင်းခြင်း၊ ဆင်ဖြင့်လယ်ထွန်သည့်လုပ်ငန်းများ လေ့လာနိုင်ခြင်း၊ တိုင်းရင်းသားရိုးရာနေအိမ်များတွင် တည်းခိုနေထိုင်နိုင်ခြင်း၊ နွေ၊ မိုး၊ ဆောင်း ရာသီအလိုက်ပြောင်းလဲသွားသော သဘာဝရှုခင်းများအား ကြည့်ရှုခံစားနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများလေ့လာနိုင်ခြင်း စသော အခွင့်အလမ်းများ ရရှိလေ့လာနိုင်မည်ဖြစ်သည်။

**ဘွမ်ဖာဘွမ်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**သည် ဆွမ်ပရာဘွမ်မြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၇၁၆ စတုရန်းမိုင်ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောတွင် အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ထင်းရှူးတော၊ ရေခဲတောင် ဂေဟစနစ်တို့ကို လေ့လာနိုင်သည်။ အဓိက ကာကွယ်ထိန်းသိမ်းထားသော ဆင်၊ ပြောင်၊ တောဆိတ်၊ သမင်၊ အင်းကျား၊ ခွေးအ၊ တောင်ဆိတ်၊ ကျားသစ်၊ ငှက်မျိုးများကို လေ့လာနိုင်ပါသည်။





# တောင်ကြီးမြို့မှ ထူးခြားသည့် ငှက်ပျောဖူး

**တောင်ကြီး ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် ကမ္ဘောဇရိပ်သာလမ်း အထွေထွေအုပ်ချုပ်ရေးရိပ်သာဝင်းအတွင်း၌ ဇန်နဝါရီ ၃၀ ရက်တွင် ခြံဝင်းအနောက်ဘက်ချံများ ရှင်းလင်းကြရာ ငှက်ပျောပင်ခုတ်ထားသည့် အကျန်အောက်ပိုင်းထိပ်၌ ကြာဖူးသဏ္ဍာန် ငှက်ပျောဖူး ထွက်ရှိနေသည်ကိုတွေ့ရ၍ ဝင်းအတွင်းနေထိုင်ကြသူများက ပြုစုထိန်းသိမ်းထားကြောင်း သိရသည်။ **(ကြေးမုံ)**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်အတွင်း နေ့စဉ်မောင်းနှင်နေသော မော်တော်ယာဉ်များသည် အကြောင်းအမျိုးမျိုးကြောင့် လမ်းလယ်တွင် ရပ်တန့်ခြင်း၊ ယာဉ်ကြော နှစ်ထပ်ရပ်ခြင်း၊ လမ်းပိတ်ရပ်ခြင်း၊ ဖြူနီကျားရပ်ခြင်း၊ လမ်းထောင့်လမ်းကွေ့တွင် ရပ်ခြင်းများအပြင် စည်းကမ်းမဲ့ ရပ်တန့်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါစည်းကမ်းမဲ့ရပ်တန့်ခြင်းများကို တွေ့ရှိပါက အောက်ပါမြို့နယ်များအလိုက် သတ်မှတ်ထားသည့် ဖုန်းနံပါတ်များသို့ဆက်သွယ်၍ သတင်းပေးတိုင်ကြားနိုင်ပါသည်။ တိုင်ကြားခံရသည့် မော်တော်ယာဉ်ကို မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများနှင့် အရေးယူခံရမည့်အပြင် ကရိန်းယာဉ်သယ်ယူပို့ဆောင်ရေးစရိတ်ပါ ပေးဆောင်ရမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ဦးကျော်ရင် ကရိန်းလုပ်ငန်း**

(၁)အင်းစိန်မြို့နယ်၊ (၂) လှိုင်မြို့နယ်၊ (၃) လှိုင်သာယာမြို့နယ်၊ (၄) မရမ်းကုန်းမြို့နယ်၊ (၅) ရန်ကင်းမြို့နယ်၊ (၆) ဗဟန်းမြို့နယ်၊ (၇) သယ်န်းကျွန်းမြို့နယ်၊ (၈) တာမွေမြို့နယ်၊ (၉) မင်္ဂလာတောင်ညွန့်၊ (၁၀) သာကေတမြို့နယ်၊ (၁၁) ဒေါပုံမြို့နယ်၊ (၁၂) ဗိုလ်တထောင်မြို့နယ်၊ (၁၃) ပုဇွန်တောင်မြို့နယ်၊ (၁၄) ကျောက်တံတားမြို့နယ်၊ (၁၅) ပန်းဘဲတန်းမြို့နယ်၊ (၁၆) လသာမြို့နယ်၊ (၁၇)လမ်းမတော်မြို့နယ်၊ (၁၈) ဆိပ်ကမ်းမြို့နယ်၊ (၁၉) ရွှေပြည်သာမြို့နယ်၊ (၂၀) မင်္ဂလာဒုံမြို့နယ် ဖုန်း-၀၉-၇၃၂၂၉၁၉၉၊ ၀၉-၄၄၈၀၀၅၂၆၈၊ ၀၉-၄၂၀၀၅၄၄၃၃၊ ၀၉-၄၂၀၀၆၄၆၂၉၊ ၀၉-၈၆၂၉၇၁၂။

LYNX Co;Ltd. ကရိန်းလုပ်ငန်း

(၂၁) စမ်းချောင်းမြို့နယ်၊ (၂၂) ကြည့်မြင်တိုင်မြို့နယ်၊ (၂၃) အလုံမြို့နယ်၊ (၂၄) ဒဂုံမြို့နယ်၊ (၂၅) ကမာရွတ်မြို့နယ်၊ (၂၆) ဒဂုံတောင်မြို့နယ်၊ (၂၇) ဒဂုံမြောက်မြို့နယ်၊ (၂၈) ဒဂုံအရှေ့မြို့နယ်၊ (၂၉) ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၃၀) မြောက်ဥက္ကလာ၊ (၃၁) တောင်ဥက္ကလာ ဖုန်း-၅၄၅၆၆၆၊ ၅၅၉၅၆၇၊ ၄၄၁၂၂၃၊ ၅၄၅၈၈၈၊ ၅၅၃၇၁၈။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

**ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** မြိတ်မြို့တွင် သုည ဒသမ ၅၀ လက်မ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက် ထစ်ချုန်းရွာနိုင်သည်။



(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လက်တွဲညီညီရှေ့သို့ချီမည့် ပြည်ထောင်စုဖွားညီနောင်များ

**တင်မောင်ဦး (အလုံ)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင် ကျယ်ဝန်းပြီး မြန်မာနိုင်ငံကိုတစ်ချိန်က ကိုလိုနီပြုသွားသော အင်္ဂလိပ်တို့၏ ဗြိတိသျှကျွန်းစုထက် နှစ်ဆကျော်ကျယ်ဝန်းပါသည်။ မြောက်ဘက်မှ တောင်ဘက်သို့ မိုင်ပေါင်း ၁၃၀၀ ခန့်ရှည်လျား၍ အရှေ့မှအနောက်သို့ မိုင်ပေါင်း ၇၀၀ ခန့်ကျယ်ဝန်းပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားများအပါအဝင် လူမျိုးပေါင်း ၁၃၅ မျိုးပါဝင်သော နိုင်ငံ ဖြစ်ပါသည်။ မြေပြန့်နှင့်တောင်ပေါ် နေထိုင် လျက်ရှိပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်ကြသည်။ ကမ္ဘာကလေးစားရလောက်သည့် ယဉ်ကျေးမှုတို့ကို အတူတကွဖန်တီးခဲ့ကြသည်။ တစ်ဦးတွင် ဝမ်းသာ စရာရှိလျှင် အားလုံးက ဝမ်းမြောက်ကြပြီး တစ်ဦးကအားငယ်နေလျှင် အားလုံးက စောင့်ရှောက်ကူညီကြသူများဖြစ်သည်။**

မြန်မာနိုင်ငံသည် သဘာဝရေမြေအားဖြင့်လည်းကောင်း၊ နေထိုင်ကြသော တိုင်းရင်းသားတို့၏ ရိုးသားဖြူစင်ဖြောင့်မတ်မှုနှင့် ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်သောစိတ်ဓာတ်ဖြင့်လည်းကောင်း ရပ်တည်နေထိုင်ကြသည့် သမိုင်းကြောင်း အစဉ်အလာကြီးကျယ်မြင့်မားလှသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဆန်၊ စပါး၊ ပဲအမျိုးမျိုး၊ ဂုန်လျှော်၊ ဝါဂွမ်း၊ ရော်ဘာ၊ ကျွန်း၊ ပျဉ်းကတိုး၊ အဖိုးတန်သစ်မာများနှင့် တွင်းထွက်ပစ္စည်းများဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်သံပတ္တမြား၊ ရွှေ၊ ငွေစသည့် တွင်းထွက်ပစ္စည်းများ ပေါကြွယ်ဝသည့် နိုင်ငံလည်းဖြစ်ပေသည်။

သဘာဝအခြေခံကောင်းများနှင့် အစဉ်အလာကောင်းများပြည့်စုံသော မြန်မာနိုင်ငံတွင် မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် အတူတကွ နေထိုင်လာခဲ့ကြသည်။ ရာသီဥတုသာယာမျှတသော မြန်မာ့မြေပေါ်တွင် စပါးသီးနှံအမျိုးမျိုးကို စိုက်ပျိုးစားသောက်ပြီး ကိုယ့်မင်းကိုယ့်ချင်း အေးချမ်းစွာ နေထိုင်ကြကာ ရိုးသားဖြူစင်ပြီး စိတ်သဘောထားကောင်းသည့် မြန်မာတို့သည် ရှေးမြန်မာမင်းများလက်ထက်မှစပြီး ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ခွင့်ရပြီး စာပေယဉ်ကျေးမှုအနုသုခုမပညာများနှင့်အတူ အဆင့်အတန်းမြင့်မားစွာ ရပ်တည်နေထိုင်လာခဲ့ကြသည်။

သမိုင်းစဉ်တစ်လျှောက် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားစသော မင်းကောင်းမင်းမြတ်များ လက်ထက်တွင် မြန်မာတို့၏ ဩဇာအရှိန်အဝါမှာ အိမ်နီးချင်းတိုင်းတစ်ပါးနိုင်ငံအထိပင် ထိုးဖောက်ပျံ့နှံ့သွားခဲ့ဖူးရာ အာရှတွင် မြန်မာဟေ့ဟု ဂုဏ်ယူဝင့်ကြွားနိုင်ရုံမက တိုင်းတစ်ပါးက လေးစားလောက်သော နိုင်ငံတော်ကြီး ဖြစ်ခဲ့ဖူးပါသည်။ မြန်မာတို့ ကံကြမ္မာနိမ့်ပါးချိန် ၁၈၂၄ ခုနှစ်မှာ တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်မှာ တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်မှာ တစ်ကြိမ် မတရားကျူးကျော် စစ်ပြုကာ မြန်မာပြည်ကိုသိမ်းပိုက်ခဲ့ကြသည်။ သူ့ကျွန်ဘဝသို့ရောက်ရှိသွားသော မြန်မာတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးတို့သည်လည်း အောက်တန်းကျခဲ့ရသည်။

ထိုအခါ မဟုတ်လျှင်မခံ မတရားသည်ကိုခေါင်းငုံ့မခံတတ်သော မြန်မာတို့သည် မြန်မာနိုင်ငံကို နယ်ချဲ့တို့ စတင်သိမ်းပိုက်ခဲ့သည့်အချိန်မှစ၍ ရရာလက်နက်စွဲကိုင်ကာ သူ့ကျွန်မခံသော ဇာတိမာန်စိတ်ဓာတ်ဖြင့် လွတ်လပ်သော နိုင်ငံကိုပြန်လည်ရရှိရေးအတွက် ထကြွတော်လှန်တွန်းလှန်ခဲ့ကြသည်။

လွတ်လပ်ရေးဆုံးရှုံးပြီး မကြာမြင့်သောကာလအတွင်းမှာပင် တိုင်းရင်းသားအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်နိုးကြားမှုများစတင်ပေါ် ပေါက်လာခဲ့ပေသည်။ အမျိုးသားရေးနိုးကြားမှုစိတ်ဓာတ်အပြည့်ဖြင့် တိုင်းရင်းသားစည်းလုံးမှုကိုတည်ဆောက်ထားသော မြန်မာနိုင်ငံကို နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုဖြင့် အုပ်ချုပ်ခဲ့သည်ကို အန်တုရင်ဆိုင်ခဲ့သည်။ နယ်ချဲ့တို့က မည်မျှဖိနှိပ်သော်လည်း မြန်မာတို့၏ တော်လှန်ရေးမှာ ငုပ်လျှိုးကွယ်ပျောက်သွားခြင်းမရှိဘဲ အသွင်အမျိုးမျိုးဖြင့် ဆက်လက် တွန်းလှန်ခဲ့ကြသည်။ နှစ်ဆယ်ရာစုဆန်းစ နှစ်ဦးပိုင်းကာလများတွင် ပေါ် ပေါက်လာသော ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ အမျိုးသားနိုင်ငံရေးအသင်းများသည် မြေပေါ် တော်လှန်ရေးအနေဖြင့်နယ်ချဲ့ကို အနီးကပ် ထိုးနှက်နိုင်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တွင် အထူးထင်ရှားသော တောင်သူလယ်သမား အရေးတော်ပုံ၊ ပထမကျောင်းသားသပိတ်နှင့် ရေနံမြေ ၁၃၀၀ ပြည့်အရေးတော်ပုံတို့ကို ဖြစ်ပေါ်စေခဲ့သည်။

၁၃၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသောအခါ မြန်မာ့တော်လှန်ရေးသည် အခြေအနေတစ်မျိုးပြောင်းလဲသွားခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် ကမ္ဘာစစ်ကြီးတွင် ကိုယ်တိုင်ပါဝင်တိုက်ခိုက်နေရသဖြင့် မြန်မာနိုင်ငံကို လှည့်မကြည့်နိုင်သောအခြေအနေတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သောလူငယ်များသည် နယ်ချဲ့အားတော်လှန်ရန် အင်္ဂလိပ်တို့ အခက်ကို အချက်ကောင်းယူပြီး ဂျပန်နိုင်ငံသို့ တိတ်တဆိတ် ထွက်ခွာသွားကြကာ အဖွဲ့အား ရဲဘော်သုံးကျိပ်ဟု အမည်တပ်ပြီး စစ်ပညာများသင်ယူခဲ့ကြသည်။

၁၉၄၂ ခုနှစ်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗန်ကောက်မြို့တွင် တွေ့ဆုံကြပြီး လက်မောင်းသွေးများ ဖောက်ကာ မြန်မာနိုင်ငံလွတ်လပ်ရေးရသည်အထိ တိုက်ပွဲဝင်သွားရန် သစ္စာဆိုခဲ့ကြသည်။ ဘီအိုင်အေခေါ် ဗမာ့လွတ် လပ်ရေး တပ်မတော်ကိုဖွဲ့စည်းလိုက်ကြပြီး ဂျပန်တို့၏ အကူအညီဖြင့်အင်္ဂလိပ်တို့ကို မောင်းထုတ်နိုင်ခဲ့သည်။ ထို့နောက် ဂျပန်တို့၏ကတိမတည် ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုးကိုခံရသောအခါ မြန်မာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကြီးကိုဆင်နွှဲကာ ဂျပန်တို့အား မြန်မာ့မြေပေါ် မှ အပြီးတိုင်မောင်းထုတ် နိုင်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာတပ်မတော်ကို ပြန်လည် ဖွဲ့စည်းကာ မြန်မာတစ်မျိုးသားလုံး လွတ်လပ်ရေးရရှိရေးအတွက် ဦးတည်လှုပ်ရှားခဲ့ရပြန်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလနိုင်ငံရေးအဖွဲ့ကြီးကို ဖွဲ့စည်းပြီး အလုပ်သမား၊ လယ်သမား၊ တိုင်းရင်းသားများနှင့် ပြည်သူတစ်ရပ်လုံးအား လွတ်လပ်ရေးကို တစ်နှစ်အတွင်းရယူနိုင်ရန် စည်းရုံးဆော်ဩလေသည်။ ထိုအခြေအနေတွင် မစ္စတာ အက်တလီ ဦးဆောင်သော အင်္ဂလိပ်အစိုးရက ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ လန်ဒန်သို့လာရောက်ရန် ဖိတ်ကြားလာသဖြင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် အင်္ဂလန်သို့ သွားရောက်ခဲ့ကြသည်။ ဗိုလ်ချုပ်တို့အဖွဲ့က အင်္ဂလိပ်နန်းရင်းဝန်နှင့်တွေ့ဆုံပြီး လွတ်လပ်ရေးအတွက် ဆွေးနွေးနေစဉ် တောင်တန်းဒေသမှ အဖွဲ့တစ်စုက ယခုဘိလပ်သို့သွားရောက်သော ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် မိမိတို့၏ကိုယ်စားလှယ်မဟုတ်ဟု ကြေးနန်းစာပို့လိုက်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံသို့ပြန်လာကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန် ရှမ်းပြည်နယ်သို့သွားရောက်ခဲ့သည်။ ရှမ်း၊ ချင်း၊ ကချင်စသော တိုင်းရင်းသား ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ပြည်နယ်ပြည်မ မခွဲခြားဘဲ တောင်တန်းမြေပြန့် နိုင်ငံတစ်ဝန်းလုံး ညီညွတ်စွာ လက်တွဲ၍ လွတ်လပ်ရေးကိုရယူရန် ဆွေးနွေးညှိနှိုင်းခဲ့သည်။ သဘောတူညီမှုရရှိပြီးသော ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း လွယ်လင် ခရိုင် ပင်လုံမြို့ကလေးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်အပေါင်းတို့ ပင်လုံစာချုပ်ချုပ်ဆိုကာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုပင်လုံစာချုပ်မှပေါ် ထွက်လာသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားဖြင့် မြန်မာခေါင်းဆောင်တို့သည် လွတ်လပ်ရေးပန်းတိုင်ဆီသို့ ဆက်လက်ချီတက်ရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးကြီးကို ရယူနိုင်ခဲ့ပေသည်။

ထိုကဲ့သို့ မြန်မာ့လွတ်လပ်ရေး၏ အခြေခံအုတ်မြစ်ကိုချပေးနိုင်ခဲ့သည် သာမက တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ စည်းလုံးညီညွတ်မှုကိုဖော်ညွှန်းထားသည့် ပင်လုံစာချုပ်ချုပ်ဆိုသည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို မြန်မာ့သမိုင်းတွင် ကမ္ပည်းမော်ကွန်းတင်နိုင်ခဲ့သည့်အပြင် မြန်မာတိုင်းရင်းသားတို့၏ စိတ်နှလုံးတွင်မမေ့ နိုင်ဘဲ ထာဝရအမှတ်ရနေကြရန် ရည်ရွယ်၍ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ရောက်တိုင်း ပြည်ထောင်စုနေ့ နေ့ထူးကို နိုင်ငံတစ်ဝန်းလုံးတွင် ဆင်နွှဲကျင်းပကြသည်။

အချုပ်အားဖြင့်ဆိုရသော် ရှေးပဝေသဏီကပင် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် တည်ဆောက်ကာ အခွန့်ရှည်ကြာစွာ ရပ်တည်ခဲ့သော မြန်မာနိုင်ငံတော်သည် ပင်လုံမြေမှချခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ယနေ့တိုင် အခွန့်ရှည်စွာရပ်တည်နေထိုင်လျက်ရှိပါသည်။ ထိုသို့ ထာဝရရှင်သန်လျက် ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်ဟူသော စိတ်ဓာတ်ကို ခိုင်မာစွာထားရှိကာ ပြည်ထောင်စုတိုင်းရင်းသားညီနောင်များလက်တွဲပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်ရပ်တည်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အတူတကွ ပူးပေါင်းနေထိုင်ရေး၊

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး၊

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေး။

## ပြည်ထောင်စုကို တို့ချစ်သည်...

❖ ပြည်ထောင်စု မိမြန်မာ
တိုင်းပြည်ရွာစုကာရုံး၊
သားချင်းတွေပေါင်းဆုံစည်း
ထင်းစည်းပုံထုံး။။

❖ ပြည်ထောင်စု မိမြန်မာ
စိမ်းလန်းဖြာ အရိပ်ကောင်း၊
ပန်းမျိုးစုံထုံထုံသင်းတဲ့
သွေးချင်းတို့ကျောင်း။။

❖ ပြည်ထောင်စု မိမြန်မာ
သီးနှံဖြာအထွက်တိုး၊
ကျောက်မျက်ရေနံသတ္တုသံရင်းမြစ်များနဲ့
စီးပွားဖွံ့ဖြိုး။။

❖ ပြည်ထောင်စု မိမြန်မာကို
ရန်မူကာလာစေဦး၊
အဖျက်ရန်မှန်သမျှ
တက်ကြွချေမှုန်း။။

❖ ပြည်ထောင်ကို ညီနောင်အားနဲ့
ကြိုးစားလို့ အလှဆင်
ရွှေပြည်တော် ရည်မျှော်မှန်း
လှမ်းကြထာဝစဉ်
သွေးစည်းလို့ချစ်ကြိုးငင်
အားမာန်ယှဉ်တူမခွဲ
မှိုင်းမြူမြစိမ်းရောင်လွှင်
မြန်ပြည်ခွင်အလှကဲ
ဒို့ဘိုးဘွား၊ အမွေစစ်မို့
ချစ်ကြအမြဲ။ ။

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

**အေးခင်ခင်လှိုင်(အညာမြေ)**

## သတိပေးနှိုးဆော်ချက်

(၆၆) နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၁၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားနှင့် ၁၂-၂-၂၀၁၃ ရက်နေ့ ၅ နာရီအချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည် ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်း၊ မီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ရန် ကြိုးတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၂-၂၀၁၃ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၅း၀၀ | "အဆုံးကိုကျော်လွန်သည့် အဆုံးမဲ့တရား"တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ) |
| ၈း၀၀ | Cartoon Series (Curious Kemi) |
| ၁၁း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၃း၂၀ | အောင်သမာဓိမှဖွင့်လှစ်သော ရွှေပညာအခမဲ့သင်တန်း အမှတ်စဉ် (၁၂) |
| ၆း၁၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၉၇) |
| ၉း၃၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၃၆) |

## Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၀၀ | Aston Villa - West Ham | (Fox Sports) |
| ၁၀း၃၀ | Man U - Everton | (MRTV-4) (Fox Sports) |

## Spain Laliga ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅း၃၀ | Barcelona - Getafe | (Fox Sports) |
| ၁၀း၃၀ | Zaragoza - Real Soicedad | (Star Sports) |
| **နံနက်ပိုင်း** | **ပွဲစဉ်** | **ပြသမည့်လိုင်း** |
| ၁၂း၃၀ | Bilbao - Espanyol | (Star Sports) |
| ၂း၃၀ | Vallecano - Atl: Madrid | (Star Sports) |

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

## ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု (နည်းပြ)သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု (နည်းပြ)သင်တန်းကို ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် ရန်ကင်းလမ်းသွယ်(၁) "အရိယာမဂ္ဂင်ကျောင်းတိုက်"၌ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်ထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ အသက်(၁၈)နှစ် ပြည့်ပြီးသူ၊ ယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ် ဆောင်ရွက်လိုသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ သင်တန်းတက်ရောက်သူများအတွက် နေ့လယ်စာကို အလှူရှင်များက လှူဒါန်းမည်ဖြစ်ပြီး သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး(စီ)ရုံ အဆောင်-၄(ပထပ်) ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄ နှင့် အရိယာမဂ္ဂင်ကျောင်းတိုက်အကျိုးဆောင် ဖုန်း-၀၁-၅၆၀၇၁၈၊ ၅၅၀၁၉၅၊ ၀၉-၄၂၀၀၅၄၂၉၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထားဝယ်မြို့ အဝေးပြေးကားဂိတ်၌ ဆိုင်ကယ်တက္ကစီနှင့် တည်းခိုခန်းညွှန်လူခေါ်သူများသောင်းကျန်း

**ထားဝယ် ဖေဖော်ဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့ အဝေးပြေးကားဂိတ်၌ နံပါတ်အနက် တက္ကဆီများ၊ ဆိုင်ကယ် ကယ်ရီလူခေါ်သူများ၊ တည်းခိုခန်းညွှန့်လူခေါ်သူများသည် ခရီးသည်များကို အလုအယက်အပြိုင်အဆိုင် လုခေါ်မှုများသည် အကျည်းတန်အရုပ်ဆိုးစေသော အပြုအမူများဖြစ်စေပြီး စိတ်အနှောင့်အယှက်ဖြစ်စေရုံသာမက လူကြီးလူကောင်းပုဂ္ဂိုလ်များ၏ သိက္ခာများကိုပါ ကျဆင်းစေပါသည်။

ခရီးသွားညွှန့်သည်တစ်ဦးက "စီးပွားရှာတာကို နားလည်ပေးနိုင်ပေမယ့် ဒီလိုအတင်းကားပေါ်တက် လုယက်ခေါ်တာ၊ လူကိုအတင်းဆွဲခေါ်တာ၊ ပစ္စည်းများကိုဆွဲပြေးလုယက်ယူငင်ကြတာ၊ ရန်လုပ်ကြ ရန်ဖြစ်ကြတာကတော့ အလွန်စိတ်ပျက်စရာကောင်းသလို ပစ္စည်းများကို လုယက်အလစ်သုတ်ကြတော့ အလွန်ရွံမုန်းစရာပင် ဖြစ်ပါတယ်။ ကားပေါ်မှာတွေးလာတဲ့ စီးပွားရေးလုပ်ငန်းအကြောင်းတွေ ပျက်ကုန်တယ်"ဟု ညည်းတွားပြောဆိုသည်။



ဒီလိုဖြစ်စဉ်များကို တိုင်းဒေသကြီးအသီးသီးနှင့် ပြည်နယ်များရှိ အဝေးပြေးကားဂိတ်ရှိရာ မြို့နယ်တိုင်း၌ ယခုကဲ့သို့ ပြုမူဆက်ဆံနေသော ညွှန့်လူခေါ်သူများအနေဖြင့် သိက္ခာရှိစွာ စီးပွားရှာစေလိုကြောင်းနှင့် တာဝန်ရှိသူများကလည်း ဝိုင်းဝန်းထိန်းသိမ်းပြုပြင်ပေးသင့်ကြောင်း၊ နိုင်ငံ့ဂုဏ်မြင့်တင်ရန်နှင့် မိမိတို့၏ မြို့သိက္ခာ၊ လူနေမှုအဆင့်အတန်း စသည့် ဂုဏ်သိက္ခာရှိမြို့ကြီးသားများပီပီ နေထိုင်သင့်ပြီဖြစ်ကြောင်း ပြောဆိုသံများကိုလည်း ကြားသိရသည်။ **(ဒီစိုး)**

## စာတည်းမှူးထံရောက်လာသည့် ပေးစာများ

### ရေမြောင်းများပိတ်ဆို့နေမှုအား တူးဖော်ပေးပါ

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက် ကျွန်းတောကျောင်းလမ်းရှိ ရေမြောင်းများမှာ နှစ်ပေါင်းများစွာ မြောင်းဖော်ခြင်း၊ ဆယ်ယူခြင်းမရှိပါသဖြင့် မြေကြီးများနှင့် ပိတ်ဆို့နေသည့်အပြင် ရေမြောင်းပေါ်တွင် ပိတ်ဆို့၍ ကားအဝင်၊ အထွက် ပြုလုပ်ရန် ကွန်ကရစ်အပြည့်ခင်းထားပါသဖြင့်ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

### စားသောက်ဆိုင် အငွေ့စုပ်မော်တာသံ ဆူညံ

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၄ ရပ်ကွက် ကျောက်ကုန်းလမ်းနှင့် သစ္စာလမ်းမကြီးထောင့်ရှိ စားသောက်ဆိုင်မှ အငွေ့စုပ်မော်တာ ဆူညံသံသည် ပတ်ဝန်းကျင်နေထိုင်သူများ အိပ်စက်မရအောင် စိတ်အနှောင့်အယှက်ပေးနေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

### ယုဇနဥယျာဉ်မြို့တော်မှ စည်းကမ်းမဲ့ဈေးသည်များ

ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်တွင် ဈေးသည်များသည် လမ်းပိတ်၍ ဈေးရောင်းခြင်း၊ ကားလမ်းပေါ်တွင် အိမ်ဆိုင်သဖွယ်ပြုလုပ်ရောင်းချခြင်းတို့ကြောင့် ကားများ၊ လမ်းသွားလမ်းလာများ သွားလာရေး ခက်ခဲပါသဖြင့် စည်းကမ်းတကျရှိစေရေး ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

### ဝါယာလက်ဈေးမှ လိုင်စင်မဲ့ဆိုင်ကယ်များ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဝါယာလက်ဈေးလမ်းမပေါ်တွင် လိုင်စင်မဲ့ ဆိုင်ကယ်ကယ်ရီများမှာ ခရီးသည်လုတင်ခြင်း၊ အပြိုင်မောင်းနှင်ခြင်းများကြောင့် လမ်းသွားလမ်းလာများ၊ ကျောင်းသား ကျောင်းသူများ ဆိုင်ကယ်ရန်မှ လွတ်ကင်းရန်သက်ဆိုင်ရာမှ ထိန်းသိမ်းကြပ်မတ်ပေးပါရန် တင်ပြလာသောစာ။

### လောင်းကစားဝိုင်း ရှင်းလင်းပေးပါ

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၅)ရပ်ကွက် ပိတောက်လမ်းနှင့် ခရေလမ်းတို့ဆုံရာတွင် တားဆီးသူမဲ့ လောင်းကစားဝိုင်းနှင့်အတူ စီးပွားဖြစ်မွေးမြူထားသော စည်းကမ်းမဲ့ဝက်ခြံမှ အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်သည့်အပြင် ကျောင်းနေအရွယ်ကလေးငယ်များ စာရိတ္တပျက်ပြားနိုင်ပါသဖြင့် စစ်ဆေးအရေးယူပေးပါရန် တင်ပြလာသောစာ။

### ရပ်ကွက်အတွင်း စီးပွားရေးလုပ်ငန်းစိစစ်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သဲဖြူချောင်းကျေးရွာတွင် သံပန်း၊ သံတံခါး၊ ကားအမိုးကိုင်းများ ဂ္ဂိုင်းဆော် ဂဟေဆက်လုပ်ငန်းကို နေ့ရောညပါ လုပ်ကိုင်လျက်ရှိရာ ရပ်ကွက်အတွင်း မီးအားလျော့နည်းခြင်း၊ ဆူညံခြင်းများဖြစ်ပေါ်နေပါသဖြင့် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

### လိုင်စင်မဲ့ အမဲသွေးလုပ်ငန်း ဖယ်ရှားပေးစေလို

မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် မီးရထားအိမ်ရာများအနီးတွင် လိုင်စင်မဲ့အမဲသွေးလုပ်ငန်းကို ညသန်းခေါင်ကျော်တွင် ကျိုချက်လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ အနံ့ဆိုးဒဏ်မခံနိုင်ပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလာသောစာများပင်ဖြစ်သည်။

## ကျေးရွာချင်းဆက်တံတားသစ်ဖွင့်

**ကျိုက်ထို ဖေဖော်ဝါရီ ၉**

ကျိုက်ထိုမြို့နယ် ကျောင်းရွာ ကျေးရွာအုပ်စု ကျောင်းရွာကျေးရွာနှင့် ဝင်းကလောကျေးရွာတို့ကို ဆက်သွယ်ပေးမည့် ကိုယ့်အားကိုယ်ကိုး 'မေတ္တာပေါင်းကူး' ကွန်ကရစ်တံတားသစ်ကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံကျော်နှင့် ရပ်မိရပ်ဖ ဦးတင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက ယခုဖွင့်လှစ်ခဲ့သော တံတားရေရှည်တည်တံ့ရေးနှင့် တံတားဝန်းကျင်သန့်ရှင်းသာယာရေးတို့အတွက် အသုံးပြုကြမည့် ကျေးရွာသူကျေးရွာသားများက စောင့်ရှောက်ထိန်းသိမ်းကြရန် ပြောကြားပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးတင်အေးက ယခုတံတားနှင့် ဆက်သွယ်ထားသည့် ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအစရှိသည့်ကိစ္စရပ်များ ယခင်ကထက် ပိုမိုတိုးတက်လာနိုင်စေရန်နှင့် ကျေးရွာများ၏ စည်းလုံးမှုပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ဤ 'မေတ္တာပေါင်းကူး' ကွန်ကရစ်တံတားသစ်ကို စုစည်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တံတားမှာ အလျား ၁၇၄ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၁၀ပေရှိသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ကုန်ကျငွေမှာ ကျပ် ၁၀၅ သိန်းဖြစ်သည်။ ကျောင်းရွာကျေးရွာနှင့် ဝင်းကလောကျေးရွာအကြား စီးဆင်းလျက်ရှိသည့် စောင်နိုင်ကြီးချောင်းကိုဖြတ်၍ တည်ဆောက်ထားပြီး ယခင်သစ်သားတံတားဟောင်းမှာ ဆွေးမြည့်ပျက်စီးသွားသောကြောင့် ယခုတံတားကိုတည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

**(လင်းလင်း)**

## ပြည်ပဝယ်လိုအားကြောင့် ဆန်ကွဲဈေးမြင့်တက်

**သန်လျင် ဖေဖော်ဝါရီ ၉**

ပြည်ပဝယ်လိုအားကောင်းသောကြောင့် ပြည်တွင်းဆန်ကွဲဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။ ဆန်ကွဲဈေးနှုန်းများမှာ ယခင်ကဆန်ကွဲသေး(အညှံ့စား) တစ်အိတ်လျှင် ကျပ် ၆၅၀၀ နှင့် ၇၂၀၀ နှုန်း၊ ဆန်ကွဲကြီး(အကြေနည်း)တစ်အိတ်လျှင်ကျပ် ၇၆၀၀ မှ ကျပ် ၈၀၀၀ နှုန်းသာရရှိရာမှ ယခုအခါ ဆန်ကွဲတစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၉၅၀၀ မှ ကျပ် ၁၁၀၀၀ နှုန်းအထိ ဈေးရရှိကြောင်း ထပ်မံသိရသည်။

"ဆန်ကို ပြည်ပတင်ပို့မယ်ဆိုရင် အရည်အသွေးပိုင်းလိုအပ်ချက်တွေရှိသေးတယ်။ မကိုက်ရင်ဈေးမရတာတွေ၊ ပြန်ပို့ခံရတာတွေရှိတယ်။ ဆန်ကွဲကျတော့ ဘာသတ်မှတ်ချက်မှမရှိဘူး။ ဆန်ကွဲဈေးတက်တာ တောင်သူတွေအတွက် အများကြီး ကောင်းပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များ အသင်းက ပြောသည်။ **(မြတ်ဇော်လင်း)**




# ရှုံးသော်လည်း ကစားပုံပိုမိုတိုးတက်ကောင်းမွန်လာသည့် မြန်မာဘောလုံးအသင်း

မြန်မာဘောလုံးအသင်း ပြီးခဲ့သည့် ဆူဇူကီးဖလား ပြိုင်ပွဲအုပ်စုနောက်ဆုံး ပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို (၂ -၀)ဖြင့် ရှုံးနိမ့်ခဲ့ဖူးသည့်အတွက် ယခုသုဝဏ္ဏကွင်း ခြေစမ်းပွဲတွင် ရလဒ်ကောင်းတစ်ခု ပြန်လည်ရယူနိုင်လိမ့်မည်ဟု ထင်ခဲ့သည်။ ခြေစမ်းပွဲဖြစ်သော်လည်း ကိုယ့်မြေ၊ ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့တွင် ပြန်လည်ဆုံတွေ့ရမည်ဖြစ်၍ မျှော်လင့်မိခဲ့သည်။ နည်းပြပက်ဆောင်ဟွာ၏ ပွဲထွက်ကစားသမား ၁၁ ဦး၏ စာရင်းကို သိရှိရချိန်တွင် ပို၍ပင် မျှော်လင့်ချက်ရှိလာခဲ့သည်။ ဆူဇူကီးဖလားပြိုင်ပွဲ ရှုံးကြွေးကို ပြန်ဆပ်နိုင်တော့မည်ဟု တွက်ဆမိခဲ့သည်။ သို့သော် ထိုမျှော်လင့်တွက်ဆမှုနှင့် တခြားစီဖြစ်ခဲ့ရသည်။ ပွဲအပြီးတွင် ဖိလစ်ပိုင်က (၁ - ၀)ဖြင့် အနိုင်ရသွား၍ ရှုံးကြွေးမဆပ်နိုင်သည့်အပြင် ကြွေးသစ်ပင် ထပ်တင်သွားသည်ဟု ဆိုရမည်။

နည်းပြစိတ်ကြိုက်ရွေးချယ်ပွဲထွက်ခဲ့သည့် အဓိက ကစားသမားများ ပထမပိုင်းတွင် ဧည့်သည်အသင်းကို အကောင်းဆုံးပုံစံဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရရှိသည့်အခွင့်အရေးများကို ပိုင်ပိုင်နိုင်နိုင် ထိထိရောက်ရောက် အသုံးမချနိုင်ခဲ့သည်ကို တွေ့ရသည်။ အဆုံးသတ် (Finishing)ပိုင်း အားနည်းချက်၊ လိုအပ်ချက်ရှိခဲ့သည့်အချက်က ပွဲရလဒ်ကို အဖြေထုတ်ပေးခဲ့ခြင်း ဖြစ်သည်ဟု ပြောနိုင်သည်။ ပက်ဆောင်ဟွာ ယုံကြည်မှုအပြည့်ဖြင့် ထုတ်သုံးသည့် တိုက်စစ်မှူးများ ပုံမှန်ခြေစွမ်းသာ ရှိခဲ့သည်။ ပုံမှန်ခြေစွမ်းအောက်ရောက်ခဲ့သည်လည်း ရှိခဲ့သည်။ ပြိုင်ဘက်နောက်တန်းခံစစ်ကို အလုပ်ရှုပ်စေလောက်သည့် ခြေစွမ်းမျိုးမရခဲ့၊ မြန်နှုန်းမြင့် ထိုးဖောက်တိုက်စစ်ဆင်နိုင်မှုမျိုးလည်း မရှိခဲ့သလို ဂိုးကန်သွင်းချက်များလည်း ထိရောက်မှုမရှိ၊ အမြင့်ဘောများဖြင့် ဂိုးရရန် ခက်ခဲသည့် အနေအထားကိုလည်း တွက်ဆနိုင်မှု အားနည်းခဲ့သည်။ ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်း မြင့်တက်အောင် ကြိုးစားရန် လိုအပ်နေသေးသည်။

တိုက်စစ်ပိုင်း ထက်မြက်ရန် ကွင်းလယ်၏ ပံ့ပိုးပေးနိုင်မှုလည်း အကောင်းဆုံးပုံစံ မရခဲ့ပါ။ တောင်ပံနှစ်ဖက်မှ အမြင့်ဘော၊ ဖြတ်တင်ဘောများ ထွက်လာသော်လည်း ရှေ့တိုက်စစ်မှူးများ ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်သည့် အနေအထားမျိုး ရောက်သည်မှာ နည်းနေသေးသည်။ ကွင်းလယ်ဗဟိုမှ ရှေ့တိုက်စစ်နှင့် ချိတ်ဆက်ဖောက်ထွက်ပြီး တိုက်စစ်ဆင်ရာတွင်လည်း ဘောလုံးအပျက်များခဲ့သည်။ နေရာယူမှု မမှန်ခြင်း၊ လူပေးမှားခြင်းတို့ အကြိမ်များစွာ ဖြစ်နေခြင်းမှာ ထိရောက်သည့် တိုက်စစ်ဆင်မှုဖြစ်ရန် အဟန့်အတားများပင် ဖြစ်သည်။ သတိပြု ဂရုစိုက်သင့်သည်။ ထို့အပြင် ကွင်းလယ်ပိုင်း၏ လိုအပ်ချက်တစ်ခုမှာ ပြိုင်ဘက်၏ တိုက်စစ်ကို ကွင်းလယ်မှ ဟန့်တားဖျက်ထုတ်နိုင်သည့် ကွင်းလယ် အဖျက်အားကောင်းသည့် ကစားသမားပင်ဖြစ်သည်။ နောက်တန်းခံစစ်နှင့် အကောင်းဆုံးချိတ်ဆက်ကစားနိုင်မည့်သူ လိုအပ်နေသလို အလွတ်တည်ကန်ဘောများကို အထိရောက်ဆုံး အသုံးချနိုင်သည့် ကစားသမားတစ်ဦးလည်း ရှာဖွေရဦးမည်ဖြစ်သည်။ သို့သော် ရန်အောင်ဝင်း၊ ရန်အောင်ကျော်၊ သိန်းသန်းဝင်းတို့၏ အမြင့်ဘော၊ ဖြတ်တင်ဘောများဖြင့် တိုက်စစ်ပံ့ပိုးပေးမှု၊ ကွင်းလယ်မှ ကျော်ဇေယျာဝင်း၏ အကွက်မြင်မြင် ဘောလုံးဖြန့်ဝေပေးနိုင်မှု၊ ကျော်ဇေယျာဝင်း၊ ရာဇာဝင်းသိန်းတို့ တိုက်စစ်နှင့် ခံစစ်နှစ်ပိုင်းလုံးကို အကောင်းဆုံး ချိတ်ဆက်ပေးနိုင်မှုများသည် ယခင်ကထက် တိုးတက်မှုရှိလာသည်ကို တွေ့ရသည်။ ထိုသို့ တိုးတက်ကောင်းမွန်လာခြင်းသည် မြန်မာအသင်းအတွက် မျှော်လင့်စရာပင် ဖြစ်သည်။

ခံစစ်ပိုင်းမှာ ယခင်ပွဲတွေကထက် တည်ငြိမ်မှုပိုရှိလာသည်ဟု ပြောနိုင်သည်။ သီဟစည်သူ၊ ရန်အောင်ဝင်း၊ ဇော်မင်းထွန်းတို့ ဦးဆောင်သည့် ခံစစ်ကြောင်း အမှားအယွင်းနည်းခဲ့သော်လည်း ပွဲကို အချိန်ပြည့် အာရုံစိုက်နိုင်ရန် လိုအပ်နေသေးသည်။ ဖိလစ်ပိုင်ကို ပေးလိုက်ရသည့် ဂိုးမှာ ခံစစ်ပိုင်းကစားသမားများ ပွဲအပေါ် အာရုံစိုက်မှုလျော့နည်းသွား၍ ဖြစ်သည်ဟု ထင်သည်။ တစ်ပွဲလုံး ပွဲချိန်အပြည့်နီးနီးကို ခြုံကြည့်လျှင် ပြိုင်ဘက်ကို အချိန်အတော်များများ ဖိအားပေးကစားနိုင်ခဲ့သည်။ ရရှိခဲ့သည့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့ခြင်းကြောင့် နိုင်ပွဲမရ၊ သရေပွဲမဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဆူဇူကီးဖလားပွဲစဉ် ကစားခဲ့သည်နှင့် နှိုင်းယှဉ်ကြည့်လျှင် ရှေ့၊ လယ်၊ နောက် တစ်သင်းလုံးကစားပုံ ပိုမိုတိုးတက်ကောင်းမွန်မှုရှိလာသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ၂၀၁၂ နှင့် ၂၀၁၃ တွင် ဖိလစ်ပိုင်အသင်းကို နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ရ၍ မြန်မာအသင်း၏ သမိုင်းမှတ်တမ်းမှာတော့ . . .။

**(တောင်ထန်းသား)**

# ဘုရင့်နောင်ပွဲရုံ သယ်ယူပို့ဆောင်ရေး ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်အသင်းရုံး၌ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းက သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအကြောင်း ဆွေးနွေးခဲ့ကြသည်။

ဘုရင့်နောင် မီးပွိုင့်ရှောင်လမ်း ဖောက်လုပ်ထားမှုအခြေအနေနှင့် နေ့စဉ် ဘုရင့်နောင်တံတား ချဉ်းကပ်လမ်းအောက်ဝင်ပေါက်မှ ပျမ်းမျှငါးတန်အောက် ယာဉ်မျိုးပေါင်း ၃၅၀၀ ဝန်းကျင် ဖြတ်သန်းသွားလာနိုင်သည်အထိ ပွဲရုံလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ထားကြောင်း သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယခင်က နေ့စဉ် ယာဉ်မျိုးစုံ အစီးရေပျမ်းမျှ ၄၅၀၀ မှ ၅၀၀၀ အတွင်း ဝင်ထွက်နေရာမှ ယခု ၆၀၀၀ မှ ၇၀၀၀ အတွင်း တိုးတက်များပြား ဝင်ရောက်လာကြောင်း၊ ကားကြီးဝင်းယာဉ်ရပ်နားစခန်းတွင် ကားစီးရေ ၂၅၀ ဝန်းကျင်သာ ဝင်နိုင်ကြောင်း၊ ခြောက်ဘီးကုန်တင်ယာဉ် (အရှည်ကိုယ်ထည်ပေ ၂၀)အတွက် ရည်ရွယ်အကွက်ချဆောင်ရွက်ထားရာ ယခုအခါ ကုန်တင်ယာဉ်ကြီးများ အသုံးပြုလာ၍ ယာဉ်ပိတ်ဆို့မှုများ ပိတ်ရက် နှစ်ရက်ဆက်တိုက်ကြုံသည့်အခါ နေ့တစ်ဝက်ကျော် ဖြစ်တတ်ကြောင်း၊ ဘုရင့်နောင်လမ်းမနှင့် ပွဲရုံဝင်းအပြန်အလှန်ဆက်စပ်နေ၍ ဘုရင့်နောင်ပွဲရုံဝင်းပတ်ဝန်းကျင် ဘုရင့်နောင်လမ်းမတစ်လျှောက် နေ့စဉ်ပျမ်းမျှအစီးရေ ၃၀၀၀ ဝန်းကျင်သွားလာနေသော ကုန်သေတ္တာတင်ယာဉ်၊ သစ်လုံးတင်ယာဉ်များကို ပွဲရုံဝင်းဖွင့်ချိန် (နေ့အချိန်) သွားလာခွင့်မပြုရေး အကြံပြုတင်ပြသွားကြောင်း သိရသည်။

အဝေးပြေးကုန်တင်ယာဉ်များ ဘုရင့်နောင် လမ်းမတစ်လျှောက် အင်းစိန်ပေါက်တောဝမှ သီရိမင်္ဂလာဈေးသစ်အနီးထိ လမ်းဘေးနှစ်ဖက်စီ တန်း၍ နေ့ရောညပါ ရပ်တန့်နေမှုများအတွက် ယာဉ်ရပ်နားရန် နေရာများကို ရှာဖွေအကြံပြုချက်ကို အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်အသင်းမှ မြေပုံနှင့်တကွ တင်ပြကြောင်း သိရသည်။

လူဦးရေ ၁၅ သန်းထိ ရှိလာမည့် အချိန်ထိ ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့ရန် ရည်ရွယ်လုပ်ဆောင်မည်ဟု သိရသည်။

**(မောင်စေအောင်)**

# ခွေးလေခွေးလွင့် ဘယ်လိုရှင်းကြမှာလဲ

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၅)တွင် သတင်းထောက်စေအောင်၏ သတိပြုရမည့် ခွေးလေခွေးလွင့် အန္တရာယ် ဆိုသည့် သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။ ခွေးရူးကိုက်ခံရလျှင်ရောဂါဖြစ်ပွားလာပါက ကုရာနတ္ထိဆေးမရှိသည်ကို လူတိုင်းသိကြပါသည်။ အထူးသဖြင့် ရန်ကုန်မြို့တော်တွင် ခွေးလေခွေးလွင့်များ တစ်စထက်တစ်စတိုးပွားလာသည်မှာ ခွေးရူးရောဂါကို ဖိတ်ခေါ်နေသကဲ့သို့ဖြစ်ပါသည်။ ရန်ကုန်မြို့လယ်၊ ဆူးလေ၊ ရွှေတိဂုံ၊ ဗိုလ်တထောင်အစရှိသည့် ကမ္ဘာလှည့်ခရီးသွားများ အများဆုံးသွားလာနေသည့်နေရာများတွင် ခွေးလေခွေးလွင့် တရုန်းရုန်းနှင့် ဖြစ်နေပါသည်။ မြို့နယ်၊ ရပ်ကွက်အတွင်းတွင်မူ ဆိုဖွယ်ရာပင် မရှိတော့ပါ။ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်အချင်းချင်း မြန်မာနိုင်ငံတွင် (အထူးသဖြင့် ရန်ကုန်မြို့တွင်း) ခွေးလေခွေးလွင့် သတိပြုရန်နှင့် ခွေးအားခြောက်လှန့်ရန်အတွက် ထီးအရှည်များ အသင့်ဆောင်သွားကြရန် အချင်းချင်းတိုက်တွန်း သတိပေးကြကြောင်း ခရီးသွားလမ်းညွှန်များမှတစ်ဆင့် ကြားသိရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရသကဲ့သို့ နိုင်ငံသားတစ်ယောက်အနေဖြင့် ရှက်မိပါသည်။ လွန်ခဲ့သည့်လများက ကြေးမုံသတင်းစာတစ်စောင်တွင် ခွေးလေခွေးလွင့်များ ရှင်းလင်းရန်အတွက် ရန်ကုန်မြို့ စည်ပင်သာယာရုံးများကို အကြောင်းကြားနိုင်ရန် အရှေ့၊ အနောက်၊ တောင်၊ မြောက် စည်ပင်ခရိုင်ရုံးများနှင့် ရုံးချုပ်ဖုန်းများ ဖော်ပြသတင်း ထုတ်ပြန်ခဲ့သဖြင့် မိမိရပ်ကွက်မှ ခွေးလေခွေးလွင့်များ ရှင်းလင်းနိုင်ရန် သက်ဆိုင်ရာခရိုင်ရုံးဖုန်းများကို ဆက်သွယ်ခဲ့ရာ ဖုန်းကိုင်မည့်သူမရှိ၍ အကြိမ်ကြိမ်ဆက်သွယ်ခဲ့ရပါသည်။ နောက်ဆုံးတာဝန်ခံအရာရှိနှင့် ဖုန်းရသော်လည်း ၎င်းတို့အနေဖြင့် ဖုန်းသတင်းပို့ခြင်းဖြင့် ခွေးလေခွေးလွင့်များကို မရှင်းလင်းပေးကြောင်းနှင့် ၎င်း၏ရုံးသို့လျှောက်လွှာတင်ရန် အကြောင်းပြန်ကြားခဲ့ပါသည်။ ထို့ကြောင့် ကိုယ်တိုင်လျှောက်လွှာတင်ခဲ့သော်လည်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်စည်ပင်သာယာမှတစ်ဆင့်လျှောက်လွှာအကြောင်းကြားစာတင်ရန် ထပ်မံညွှန်ကြားလာပါသည်။ ခွေးလေခွေးလွင့်များ ရှင်းလင်းရန် စည်ပင်သာယာဌာနသို့ လျှောက်လွှာအကြောင်းကြားစာ ဌာနဆိုင်ရာအဆင့်ဆင့်မှတစ်ဆင့် တင်ပြမှသာ ရှင်းလင်းပေးနေသည်လား၊ ထိုကဲ့သို့ဆောင်ရွက်ရမည်ဆိုပါကလည်း တိကျပြတ်သားသည့် လုပ်နည်းလမ်းညွှန် (Procedure) များကို သတင်းထုတ်ပြန်ပေးစေလိုပါသည်။

**ခွန် (သီဟ - ၆၄)**























မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်









# (၆၃) ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော် The Grandmaster ဇာတ်ကားဖြင့် စတင်ဖွင့်လှစ်

**(၆၃)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့ရာ အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ယင်းရုပ်ရှင်ပွဲတော်၏ အကဲဖြတ်ဒိုင်တစ်ဦးဖြစ်သူ တရုတ်ဒါရိုက်တာ ဝန်ကာဝေ၏ 'The Grandmaster'ဇာတ်ကားဖြင့် စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။**



'The Grandmaster'ဇာတ်ကားမှ ဒါရိုက်တာ ဝန်ကာဝေနှင့် မင်းသမီး ကျန်းကျိရိတို့အား ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် တွေ့ရစဉ်။

အဆိုပါရုပ်ရှင်ပွဲတော်သို့ ရုပ်ရှင်ချစ်ပရိသတ်ပေါင်း သုံးသိန်းကျော်နှင့် နိုင်ငံပေါင်း ၁၃၀ ကျော်မှ ဧည့်ပရိသတ် နှစ်သောင်းကျော် တက်ရောက်အားပေးခဲ့ကြပြီး ယခုပွဲတော်သည် ယခင်ကျင်းပခဲ့သည့် Cannes ရုပ်ရှင်ပွဲတော်နှင့် Venice ရုပ်ရှင်ပွဲတော်များနှင့်မတူဘဲ တစ်မူထူးခြားစွာဖြင့် ရုပ်ရှင်ပိုင်းဆိုင်ရာ ပရော်ဖက်ရှင်နယ် အတတ်ပညာရှင်များနှင့် မီဒီယာများကိုသာမက ပရိသတ်ကြီးကိုလည်း ထူးခြားသည့်ခံစားမှုများ ပေးစွမ်းစေနိုင်မည်ဖြစ်ကြောင်း ဘာလင်ရုပ်ရှင်ပွဲတော်မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒိုင်ရီတာ ကော့စလစ်က ဆိုသည်။

ၚင်းပွဲတော်တွင် ရုပ်ရှင်ကားများယှဉ်ပြိုင်ပြသမှုကဏ္ဍ အပါအဝင် ကဏ္ဍကိုးခုခွဲထားပြီး ကမ္ဘာတစ်ဝန်းမှ မြောက်မြားစွာသော ရုပ်ရှင်ကားများကို ဖိတ်ကြားပြီး လူငယ်များနှင့် ကလေးများအတွက် အစီအစဉ်များလည်း ထည့်သွင်းထားကြောင်း၊ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ကမ္ဘာအနှံ့မှ ရုပ်ရှင်အတတ်ပညာရှင်များက ဥရောပရုပ်ရှင်ဈေးကွက်အပေါ် ပိုမိုစိတ်ဝင်စားလာစေမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ရုပ်ရှင်ရုံများ ရန်ပုံငွေအဖွဲ့က ကြီးမှူးကျင်းပသည့် အဆိုပါရုပ်ရှင်ပွဲတော်သည် ဂျာမနီရုပ်ရှင်လောက၏ မတူကွဲပြားမှုများနှင့် ဒေသတွင်းရုပ်ရှင်လုပ်ငန်းများ၏ အားနည်းချက်များကို ပေါင်းကူးဖြည့်ဆည်းပေးနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးစန္ဒာမြင့် စုစည်းသည်**

# တေလာဆွတ်ဖ်၏ အယ်လ်ဘမ်အသစ် ဧပြီ ၁ ရက်တွင် ထွက်ရှိမည်

ကန်းထရီးနှင့် ပေါ့ပ်ဂီတဘုရင်မလေး တေလာဆွတ်ဖ်က ယမန်နှစ်က ထွက်ရှိခဲ့သည့် Red အယ်လ်ဘမ်၏ အောင်မြင်မှုအရှိန်မကုန်သေးမီမှာပင် '22'အမည်ရှိ ပေါ့ပ်သီချင်းမျိုးများပါဝင်သည့် အယ်လ်ဘမ်အသစ်ကို ဧပြီလ ၁ ရက်တွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း အင်္ဂါနေ့က Ryan Seacrest.com က သတင်းဖော်ပြသည်။

အဆိုပါအယ်လ်ဘမ်အသစ်သည် အသက်(၂၀)ကျော် လူငယ်များ၏ ခံစားချက်များကို ဂီတာနောက်ခံ တီးလုံးများဖြင့် ရေးဖွဲ့သီကုံးထားကြောင်း၊ တေလာက မိမိကိုယ်မိမိ အသက် (၂၂)နှစ်အရွယ် မိန်းကလေးတစ်ဦးအနေဖြင့် ခံစားသီဆိုထားကြောင်းနှင့် ယင်းအယ်လ်ဘမ်ကို ထုတ်လုပ်သူများအဖြစ် ဘရစ်တနီစပီးယား ၏သီချင်းရေးဆရာများဖြစ်သည့် မက်စ်မာတင်နှင့် ရှဲလ်ဘက်ခ်တို့က ထုတ်လုပ်ဖြန့်ချိကြမည်ဖြစ်သည်။

၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ထွက်ရှိခဲ့သည့် Red အယ်လ်ဘမ်ထဲမှ We Are Never Ever Getting Back Together သီချင်း၊ Begin Again သီချင်းနှင့် I Knew You were Trouble သီချင်းများသည် ပရိသတ်၏ အထူးနှစ်သက်မှုရရှိထားသော သီချင်းများဖြစ်ပြီး အဆိုပါ Red အယ်လ်ဘမ်ဖြင့် ဗြိတိန်နိုင်ငံ၏ ပလက်တီနမ်ဆုကိုလည်း ရရှိဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် Red အယ်လ်ဘမ် စတင်ထွက်ရှိကတည်းက အမေရိကန်နိုင်ငံ၌ စီဒီအချပ်ပေါင်း သုံးသန်းကျော် ရောင်းချခဲ့ရပြီး Billboard ၏တေးအယ်လ်ဘမ်စာရင်းတွင် နံပါတ်တစ်နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ၚင်းအပြင် တေလာဆွတ်ဖ်သည် ဧပြီလတွင် ထွက်ရှိမည့် '22'အမည်ရှိ အယ်လ်ဘမ်အသစ်အတွက် ကာဗာရိုက်ကူးထားပြီးဖြစ်ပြီး မကြာမီကျင်းပမည့် ဂရမ်မီဆုပေးပွဲ၌ သူမ၏လူကြိုက်အများဆုံး သီချင်းတစ်ပုဒ်ဖြစ်သည့် We Are Never Ever Getting Back Together သီချင်းဖြင့် ဂရမ်မီဆုအတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရကြောင်း သိရသည်။



# ဂရမ်မီဆုပေးပွဲတွင် မလုံ့တလုံအဝတ်အစားများ မဝတ်ဆင်ကြရန် မေတ္တာရပ်ခံထား

(၅၅)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့)တွင် လော့စ်အိန်ဂျလိစ်မြို့ စတတ်ပယ်လ် စင်တာ၌ကျင်းပမည်ဖြစ်ပြီး ယင်းအခမ်းအနားသို့တက်ရောက်မည့် အနုပညာရှင်များအား မလုံ့တလုံ လျှပ်ပေါ်လော်လည်သော အဝတ်အစားများ ဝတ်ဆင်ခြင်းမပြုကြရန် အဆိုပါအခမ်းအနားကို တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်မည့် စီဘီအက်စ်ရုပ်သံလိုင်းမှ မေတ္တာရပ်ခံထားကြောင်း သိရသည်။

အနုပညာရှင်များအနေဖြင့် အဆိုပါအခမ်းအနား၌ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်နေစဉ်အတွင်း ခန္ဓာကိုယ်အစိတ်အပိုင်းများအား လုံခြုံစွာ ဖုံးအုပ်ထားသော အဝတ်အစားများကိုသာ ဝတ်ဆင်ပေးကြပါရန်နှင့် ခန္ဓာကိုယ်ကို အတိုင်းသားမြင်တွေ့စေနိုင်သော ပါးလွှာသည့်အဝတ်အစား ဒီဇိုင်းများဝတ်ဆင်ခြင်းမှ ရှောင်ရှားပေးနိုင်ကြပါရန် အဆိုပါရုပ်သံလိုင်းက ဗုဒ္ဓဟူးနေ့တွင် အမှာစာပေးပို့မေတ္တာရပ်ခံထားကြောင်း သိရသည်။

**မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း**

**၁၀-၂-၂၀၁၃ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၃ | တရားတော် |
| ၇း၄၀ | လောကကိုအလှဆင်မယ် (ကရင်) |
| ၈း၁၀ | မြန်မာစာမြန်မာစကား(၆) |
| ၁၁း၂၉ | ကာတွန်းအစီအစဉ် "ကမ္ဘာကျော်အိပ်ရာဝင်ပုံပြင်များ" အပိုင်း(၄၄) |
| ၁၁း၃၅ | ထားဝယ်ရိုးရာဒိန်းအက (ဂျိုးဥမယ်) |
| ၁၁း၄၄ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဘဝချင်းဆက်ထားတဲ့ကြိုး |
| ၁း၁၅ | တွဲသောလက်တွေခိုင်မြဲစေ |
| ၁း၃၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒဏ်ရာများနဲ့ချစ်သူ (အပိုင်း-၂၀) |


# လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ (၉၆)ခုမြောက် နေပြည်တော်(၃)၊ သပြေကုန်းဘဏ်ခွဲကို သပြေကုန်းရပ်ကွက်၊ နေပြည်တော်တွင် ၇-၂-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ဖွင့်လှစ်နိုင်ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသိန်းဝင်း
ဦးထက်အောင်ရဲရင့်
ရွှေသပြေကုမ္ပဏီမိသားစု

ဆရာဦးထွန်းကိုကိုလတ် B.E (Mechanical) နှင့်
ဆရာမဒေါ်ခင်မြတ်မင်း B.Sc (Hons:) ,M.Sc (Engineering Phys:) CET (V) ဦးစီးသော
မြတ်အားမာန် ပညာ့ရိပ်မွန်
အဆင့်မြင့်တသင်ပိုင်းနှင့် အဆင့်မြင့်ဘော်ဒါ
"ပညာရေးတွင် ထူးချွန်ထက်မြက်စေရုံမျှမက စာရိတ္တနှင့် စည်းကမ်းပိုင်းတွင်လည်း လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးသောနေရာဖြစ်သောကြောင့် စည်းကမ်းအလွန်ကြီးပါသည်။"
သင်တန်းတည်နေရာ
စာသင်ပိုင်း - အမှတ်(၇)၊ ပထမထပ်၊ မြို့သစ်(၂)လမ်း၊ ကျောက်မြောင်း၊ တာမွေ။
ကျောင်းသားဆောင် - အမှတ်(၃၃/B)၊ ဘူတာရုံလမ်း၊ ဘောက်ထော်၊ ရန်ကင်း။
ကျောင်းသူဆောင် - အမှတ်(၆/A)၊ မိုးကောင်းလမ်း၊ ဘောက်ထော်၊ ရန်ကင်း။
၀၉-၅၁၇၅၆၅၇၊ ၀၉-၅၀၇၇၉၆၂၊ ၀၉-၄၃၀၃၉၀၂၄၊ ၀၉-၇၃၂၂၅၀၄၅၊ ၀၁-၅၄၁၁၉၀၊ ၀၁-၅၄၅၃၇၀
၂၀၁၃ - ၂၀၁၄ ပညာသင်နှစ် ၈-တန်း/၉-တန်း/၁၀-တန်း ကျောင်းအပ်လက်ခံပြီ။

BLT Air-Con Express
အဆင့်မြင့် ကားနှစ်စီးမည်
အထူးနှုန်း
ကျိုက်ထီးရိုး 9000 (အနည်း)
ချောင်းသာ 10000 (အနည်း)
လူဦးရေကန့်သတ်ထားပါသည်။
09-73163534, 09425033245

ရောင်းရန်ရှိသည်
TAJIMA (JAPAN) အမှတ်တံဆိပ် ကွန်ပျူတာပန်းထိုးစက်
TMFDG SERIES, Good Second Hand, Running Condition (၃)လုံး
သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းရန်ရှိသည်။ ဆက်သွယ်ရန်ဖုန်း-၀၉-၅၄၀၆၃၁၇

မြန်မာစာဂုဏ်ထူးမှန်းသူများအတွက်
"နာဂသိန်စာစီစာကုံးပေါင်းချုပ်"
ထွက်ပါပြီ
ဖြန့်ချီရေး - ရွှေဝံစာအုပ်တိုက်၊ အမှတ်(၂၁၂)၊ ၃၂-လမ်း(အထက်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၃၈၅၅၉၇၊ ၀၉၇၃၂၀၃၀၃၂

## အမြို့မြို့အနယ်နယ်သတင်းများ

# မန္တလေး ဥယျာဉ်မြို့တော် တည်ဆောက်ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်ရန် သစ်သီးဝလံပန်းမန်ပြပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးမြို့တော်အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် အဆင့်မြင့်စိုက်ပျိုးပညာများဖလှယ်နိုင်ရန်၊ မျိုးကောင်းမျိုးသန့်များပြန့်ပွားလာစေရန်၊ အိမ်တိုင်းအိမ်တိုင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၁၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲကျင်းပရခြင်း ဖြစ်ပါကြောင်း ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းမြင့်က ပြောကြားသည်။

"ဒီနှစ်မှာ ပြကွက်ဆန်းအဖြစ် မုဲခ်ဦးကို ပန်းနဲ့သရုပ်ဖော် ပြသမှာဖြစ်ပါတယ်။ မနှစ်ကပြိုင်ပွဲမှာ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့ကပါ လာရောက်ပါဝင်ယှဉ်ပြိုင်မှုရှိပါတယ်။ ပွဲတော်လာသူတွေ အဆင်ပြေစေဖို့ မထသကားများကို ဒီရက်တွေမှာ ညှိနှိုင်းပြောင်းလဲပြေးဆွဲပေးမှာဖြစ်ပါတယ်"ဟု အဆိုပါ ပုဂ္ဂိုလ်က ရှင်းပြသည်။

ယခုနှစ်တွင် ပြခန်း ၁၉ ခန်း၊ ကုမ္ပဏီလေးခုတို့မှ စိုက်ပျိုးရေးသုံး အရောင်းပစ္စည်းများပြခန်း၊ နည်းပညာပြခန်းများ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် The Match ရောင်ခြည်၊ လဝန်းအိမ်၊ အနုပညာဦးစီးဌာန၊ မြို့မတေးဂီတအဖွဲ့တို့က ဖျော်ဖြေညှော့ခံကြမည် ဖြစ်သည်။ ထို့ပြင် ပြိုင်ပွဲများအလိုက် ပထမဆု ကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ကျပ် ၁၀၀၀၀၀၊ တတိယဆုကျပ် ၇၀၀၀၀ ပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း၊ ခေါင်းစဉ် သုံးမျိုးဖြစ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြိုင်ပွဲများဖြစ်ရာ ပြိုင်ပွဲအမျိုးအစား ၂၃ မျိုး ပါဝင်ယှဉ်ပြိုင်နိုင်သည်ဟု သိရသည်။

" ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမှာဖြစ်ပြီး ဆုချီးမြှင့်မှုကို ပြိုင်ပွဲစတဲ့ရက်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၂ ရက်မှာပဲ ချီးမြှင့်မှာပါ။ ဆုအများဆုံးရသူကို တံခွန်စိုက်ဆုပေးအပ်ချီးမြှင့်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ထပ်မံရှင်းပြသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများ အနေဖြင့် မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် **(အောက်ပုံ)** သို့ ပြိုင်ပွဲဝင်ပစ္စည်းများ ဖေဖော်ဝါရီ ၁၁ ရက် ည နေ ၄ နာရီ နောက်ဆုံးထားပေးပို့နိုင်ကြောင်း၊ ပြပွဲပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပန်းပျိုးပင်အရောင်းဆိုင်များက ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

**(ကျော်မင်းသော်)**



# ရာသီပေါ်ကြက်သွန်နီ ဈေးကောင်းရ၍ ကလေးဒေသ၌ အရောင်းသွက်

**ကလေး ဖေဖော်ဝါရီ ၉**

ယခုတလော ကလေးလွင်ပြင်ဒေသ၏ရာသီပေါ် ဆောင်းသီးနှံဖြစ်သော ကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီအရွယ်အစား အမျိုးမျိုးအလိုက် ဈေးကောင်းရ အရောင်းသွက်လျက်ရှိနေကြောင်း သိရသည်။

ဒေသထွက် ကြက်သွန်နီများကို အိန္ဒိယ-မြန်မာနယ်စပ် တမူး၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါနှင့် ကလေးဝမြို့မှတစ်ဆင့် အထက်ချင်းတွင်းဒေသများဖြစ်သော မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မ လင်း၊ ခန္တီးစသည့်မြို့ကြီးများသို့ ဈေးကောင်းရ သွက်လက်မြန်ဆန်စွာ လက်လီလက်ကား ရောင်းချရလျက်ရှိကြောင်း ကလေးမြို့နယ် လေးအိပ်စုကျေးရွာမှ ကြက်သွန်နီပွဲရုံပိုင်ရှင် ဒေါ်ရှမ်းမက ပြောပြခဲ့သည်။

"ကြက်သွန်နီစိုက်တဲ့နေရာမှာ မျိုးစေ့ချစိုက်ပျိုးခြင်း၊ ပျိုးပင်ချစိုက်ပျိုးခြင်း၊ တိုက်ရိုက်ဥချစိုက်ပျိုးခြင်းဆိုပြီး သုံးမျိုးရှိတယ်၊ ကြက်သွန်နီစိုက်ပျိုးစရိတ်က မြေယာပြုပြင်တာကစပြီး ရောင်းချဖို့ အိမ်အရောက်ဆိုရင် တစ်ဧကကို သုံးသိန်းကနေ ငါးသိန်းအထိရှိတယ်၊ မျိုးစေ့ချစိုက်ရင် လေးလကြာတတ်ပြီး ပျိုးပင်ချစိုက်တာနဲ့ ဥချစိုက်ရင် သုံးလကြာပါတယ်၊ အရင်က ကြက်သွန်မျိုးကို မြို့တွင်းက စိုက်ပျိုးရေးဆိုင်တွေက ဝယ်ခဲ့ရပေမယ့် အခုတော့ ကိုယ်တိုင်မျိုးစေ့ထုတ်ယူပါတယ်။ ကြက်သွန်နီဥ တိုက်ရိုက်ချစိုက်တာက ကြက်သွန်ဖူးပါရောင်းချရပေမယ့် ကျန်တဲ့စိုက်နည်းတွေနဲ့ ယှဉ်ရင် ကြက်သွန်နီဥနှုန်းက သုံးပုံတစ်ပုံနီးပါးလျော့တယ်။ ဒါပေမယ့် ဈေးကွက်ရာသီအမီ မြန်မြန်စိုက် မြန်မြန်ရောင်းချင်တော့ ဥကိုတိုက်ရိုက်ချစိုက်ပျိုးကြတာ၊ ဒါမှလည်း ဈေးကောင်းမီပြီး ကြက်သွန်တောင်သူတွေ ထင်ထားတာထက် ပိုမြတ်တဲ့နှစ်တွေ ကြုံတွေ့ခံစားကြရတာပေါ့ရှင်"ဟု ထပ်မံရှင်းပြခဲ့သည်။

**မောင်မင်း(ကလေး)**

# သုံးတန်နှင့်အထက်ယာဉ်များ လမ်းကြောင်းသတ်မှတ် မြို့တွင်း၌ ကုန်ကားဂိတ်များ ဖွင့်လှစ်ခွင့်မပြု

**မန္တလေး ဖေဖော်ဝါရီ ၉**

ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သုံးတန်နှင့်အထက် ယာဉ်များ သတ်မှတ်လမ်းကြောင်းအတိုင်း သွားလာကြရတော့မည်ဖြစ်သည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ပြည်ကြီးမဂ်လာ ကုန်တင်ယာဉ်ရပ်နားစခန်း(စွယ်တော်) အားအသစ်ဆောက်လုပ်ပြီးဖြစ်သည့်အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ကုန်တင်ဂိတ်များဖွင့်လှစ် လုပ်ကိုင်နေသော ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းအားလုံးသည်လည်း အဆိုပါ ပြည်ကြီးမဂ်လာ ကုန်တင်ယာဉ်ရပ်နားစခန်း (စွယ်တော်)သို့ ဂိတ်ခန်းများ ဝယ်ယူ(သို့) ငှားရမ်းကာ ဖေဖော်ဝါရီ ၁၅ ရက်မတိုင်မီ ပြောင်းရွှေ့ဖွင့်လှစ်ကြတော့မည်ဖြစ်သကဲ့သို့ သုံးတန်နှင့်အထက် ယာဉ်များကိုလည်း သတ်မှတ်လမ်းကြောင်းအတိုင်း သွားလာစေခြင်းဖြစ်သည်။ သုံးတန်နှင့်အထက် ယာဉ်များအတွက် သွားလာကြရမည့်လမ်းကြောများကို သတ်မှတ်ပေးထားရာ မြောက်ဘက်ကမ်းနားလမ်းနှင့် မြို့ပတ်လမ်းဆုံ (ညောင်ကွဲ)မှ မြို့ပတ်လမ်းအတိုင်း ကျွဲရေကုန်းအထိ၊ အရှေ့ဘက် ကျွဲရေကုန်းလမ်းမှ မြို့ပတ်လမ်းအတိုင်း မန္တလေး-ပြင်ဦးလွင်ကားလမ်းနှင့် (၄၈) လမ်းဆုံအထိ၊ ၎င်းမှ မနော်ဟရီလမ်းအတိုင်း (၆၂) လမ်းဆုံအထိ၊ ၎င်းမှ (၆၂) လမ်းအတိုင်း အင်းခရုလမ်းဆုံထိ၊ ၎င်းမှ စက်မှုပန်းခြံလမ်းမှ ရန်ကုန်-မန္တလေး လမ်းဆုံထိ၊ တောင်ဘက် စက်မှုပန်းခြံနှင့် ရန်ကုန်-မန္တလေးလမ်းဆုံမှ ရန်ကုန်-မန္တလေးလမ်းအတိုင်း တံခွန်တိုင်လမ်းခွဲအထိ၊ အနောက်ဘက်တံခွန်တိုင်လမ်းခွဲမှ တိုင်းဒေသကြီးဦးစီးမှူး၊ သစ်တောဦးစီးဌာနရုံးလမ်းအတိုင်း ကပ်ကျော်လမ်းခွဲ၊ ၎င်းမှ ရှမ်းကလေးကျွန်း၊ ၎င်းမှ ကမ်းနားလမ်းအတိုင်း ညောင်ကွဲအထိ လမ်းကြောင်းသတ်မှတ်ပေးထားသည်။ ထို့ကြောင့် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ကာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းမရှိဘဲ မြို့တွင်း၌ဂိတ်ခန်းများ ဆက်လက်ဖွင့်လှစ်လုပ်ကိုင်ခြင်း၊ သတ်မှတ်နယ်မြေဧရိယာအတွင်း သုံးတန်နှင့်အထက် ယာဉ်များ ဝင်ရောက်ခြင်းများ စစ်ဆေးတွေ့ရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

# ကောလင်းမြို့နယ်အတွင်းရှိ တောင်သူများ ခိုင်းကျွဲ၊ နွား ရှားပါးခြင်းနှင့် ကြုံတွေ့နေ

**မုံရွာ ဖေဖော်ဝါရီ ၉**

တရုတ်ပြည်နယ်စပ်သို့ တောင်ယာသုံးကျွဲ ၊ နွားများ တရားမဝင်ရောင်းချမှုများလာခြင်းကြောင့် တကောင်းမြို့နယ်အတွင်းရှိ တောင်သူများခိုင်း ကျွဲ၊ နွား ရှားပါးလာခြင်းနှင့် ဈေးနှုန်းမြင့်တက်နေမှုတို့ ကြုံတွေ့နေရကြောင်း သိရသည်။ ယခင်က ခိုင်းစားမရနိုင်သော ပိုလျှံ ကျွဲနွား အနည်းငယ်သာ ရောင်းချခဲ့ကြသော်လည်း နောက်ပိုင်းတွင် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် သီးနှံများပျက်စီးခြင်း၊ အထွက်နှုန်းနည်းပါးလာပြီး သီးနှံပွဲရုံများထံ သီးနှံပြည့်ဝစွာ မသွင်းနိုင်ဘဲ တောင်သူများ စားစရိတ် ကြိုတင်ယူငွေများ အတိုးနှုန်းမြင့်တက်လာ၍ ထပ်မံမထုတ်ပေးသောကြောင့် လတ်တလော ငွေကြေးပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ဈေးပိုရသော တရုတ်ပြည်နယ်စပ်သို့ ခိုင်း ကျွဲ၊ နွားများကိုပါ ရောင်းချခဲ့ကြကြောင်း သိရသည်။ ထိုကဲ့သို့ ရောင်းချခြင်းများကို နယ်စပ်သို့ ကိုယ်တိုင်သွားရောက်ရောင်းချခြင်းများလည်း ရှိသလို ပွဲစားများလာဝယ်၍ ရောင်းလိုက်သည်များလည်းရှိကြောင်း၊ တကောင်းကိုဖြတ်သော ကောလင်း၊ ဝန်းသိုနယ်မှ ကုန်သည်များနှင့် ထည့်သွင်းလိုက်သည်များလည်းရှိကြောင်း၊ ယခုလက်ရှိ အချိန်၌ နယ်စပ်၌ ပစ္စည်းအဝင်များသောကြောင့် ကျွဲ၊နွားဈေးမှာ ကျနေသော်လည်း မိမိတို့ထံတွင် ကျွဲ၊ နွားများ ဈေးပိုများလာပြီး ရှားပါးလာကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကန်ဒေါ်လာသန်း ၄၄၄၀ တန် စက်မှုဇုန်မြိတ်ရေနက်ဆိပ်ကမ်းတည်ထောင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ထိုင်းနိုင်ငံ အီတာလျံ ထိုင်းစီးပွားရေးလုပ်ငန်းအုပ်စု၏ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းပုံစံအတိုင်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်-မြိတ်မြို့မြို့သစ် ငါးပုစွန်အအေးခန်းစက်ရုံများနှင့် ဗျောကြီးဝချောင်း တစ်ဖက်ကမ်း ပြင်းငယ်ဒေသ ကမ်းနားတစ်ဝိုက်တွင် မြိတ်ရေနက်ဆိပ်ကမ်း (MYIKE INDUSTRIAL PARK)စီမံကိန်းကို မလေးရှားနိုင်ငံ SHEI PHIA HOLDINGS SDN BHD (706267-A)နှင့်THE NEW LIGHT SHIPPING LINE မြန်မာနိုင်ငံ အများပိုင်ကုမ္ပဏီတို့ ပူးပေါင်း၍ အမေရိကန်ဒေါ်လာ သန်း ၄၄၄၀ အကုန်အကျခံကာ ၂၀၁၃-၂၀၁၄ နှစ်အတွင်း အကောင်အထည်ဖော်လုပ်ငန်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

မြိတ်ရေနက်ဆိပ်ကမ်းသည် ထိုင်း-မြန်မာအထူးစီးပွားရေးဇုန် မော့တောင်-မြိတ်-ထားဝယ်-ရေး-မော်လမြိုင်-ရန်ကုန် ကားလမ်းမကြီးပေါ်တွင် တည်ရှိ၍ ထိုင်း-မြန်မာစီးပွားရေးလုပ်ငန်းရှင်များကိုလည်း အထောက်အကူပြုသလို မလေးရှားနိုင်ငံ ပီနန်ကျွန်းမှတစ်ဆင့် လိုင်ဝါရီဆိပ်ကမ်းနှင့် မြိတ်ရေနက်ဆိပ်ကမ်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုကြောင့် အာဆီယံကုန်သွယ်မှု အခွန်လွတ်ဥပဒေအရ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်း၊ ပရိဘောဂ၊ ရော်ဘာထွက်ကုန်ပစ္စည်းနှင့် သစ်တောထွက်ပစ္စည်းများနှင့် စက်မှုလက်မှုထုတ်ကုန်ပစ္စည်းမျိုးစုံတို့ကို တင်ပို့ရောင်းဝယ်ဖောက်ကားမှု အခွန်လွတ်လပ်ခွင့်ကို နှစ်ရှည်လများရရှိကြရမည်ဖြစ်ပါ၍ အပြည်ပြည်ဆိုင်ရာ စံနှုန်းအတိုင်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်နေသော ဌာနဆိုင်ရာ ပုဂ္ဂိုလ်များနှင့်အတူ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပထွက်ကုန်၊သွင်းကုန် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုကို မြိတ်ရေနက်ဆိပ်ကမ်းမှ မလေးရှားနိုင်ငံ လိုင်ဝါရီဆိပ်ကမ်းသို့ တင်ပို့ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်မှသာလျှင် အခွန်အခလွတ်လပ်ခွင့် နှစ်ရှည်ရရှိမည်ဖြစ်ပါ၍ အမျိုးသားအကျိုးစီးပွားကို မျှော်ကိုး၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရေးတိုက်တွန်းရေးသားလိုက်ရပါသည်။

**(စံပယ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြော

**အင်းတော် ဖေဖော်ဝါရီ ၉**

ကျေးရွာကိုယ့်အားကိုယ်ကိုး ၂၄ နာရီမီးလင်းရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက အင်းတော်မြို့ အလယ်ဆိပ်ကျေးရွာအုပ်စု ပင်သချေကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ထို့နောက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူးက လျှပ်စစ်နှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်များ၊ ဘေးအန္တရာယ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ကျော်သီဟ)**


**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်-၁၈ယ/၆၁၅၅၃၊ အမျိုးအမည် Kenbo 125 အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းဗိုလ် မှတ်ပုံတင်အမှတ်[၉/ပသက(နိုင်)၀၀၃၅၂၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်-၈စ/၇၂၆၅၊ အမျိုးအမည် Shwe Mann Star L/T အမျိုးအစား P/U(4 x 2)®၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ကြည်ကြည်ဝင်း မှတ်ပုံတင်အမှတ်[၉/မနတ(နိုင်)၀၀၇၁၅၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်-၈ယ/၃၀၄၀၁၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးချို မှတ်ပုံတင်အမှတ် [၅/ခဥန(နိုင်)၀၃၁၄၅၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်-၂ယ/၇၀၀၀၈၊ လုံစင်း-၁၁၀၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဦးသန်းနိုင်စိုး မှတ်ပုံတင်အမှတ် [၅/ကသန(နိုင်)၀၇၄၅၂၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်-၁၁ယ/၇၆၄၅၀၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးနေလွင်ဦး မှတ်ပုံတင်အမှတ်[၁၂/မဘန(နိုင်)၀၁၄၁၈၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်-၁၂ယ/၈၆၇၅၂၊ Kenbo 110, M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးသောင်းထိုက် မှတ်ပုံတင်အမှတ် [၁၂/ရကန(နိုင်)၀၅၄၀၄၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

# ကမ်းရိုးတန်းအထူးအမြန်ရေယာဉ်များ အလေးထားစဉ်းစားဖွယ်ရာ

**ဒီစိုး**

မြန်မာပြည်တောင်ဘက်စွန်း တနင်္သာရီကမ်းရိုးတန်း ပင်လယ်ပြင်တစ်လျှောက်ရှိ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင် ၁၅ မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများသည် အထက်မြန်မာပြည်မြို့ကြီးများဖြစ်သော မြစ်ကြီးနားမြို့၊ ကလေးမြို့၊ ကျိုင်းတုံမြို့၊ လားရှိုးမြို့၊ တောင်ကြီးမြို့၊ မန္တလေးမြို့၊ နေပြည်တော်၊ ရန်ကုန်မြို့မှတစ်ဆင့် ကားလမ်း၊ မီးရထားလမ်း၊ လေကြောင်းလမ်းနှင့် ရေကြောင်းလိုင်းတို့မှ ခေတ်မီမော်တော်ယာဉ်၊ မော်တော်ကား၊ မီးရထားသဘော်ကြီးများ၊ လေယာဉ်ပျံကြီးများဖြင့် နေ့စဉ် ကုန်ပစ္စည်းနှင့်ခရီးသွားလူပုဂ္ဂိုလ်များ တင်ပို့ခရီးသွားလာရာတွင် လမ်းတံတားများ တိုးတက်ကောင်းမွန်လာမှုကြောင့် ခရီးသွားပြည်သူများ အချိန်တိုအတွင်း နေ့ချင်းရောက်ရှိသည့် မော်တော်ကားကြီး၊ ကားငယ်များဖြင့် စီးနင်းသွားလာခြင်း၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းများ တွင်ကျယ်လာရာ ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှ ည ၇ နာရီထွက်လျှင် ထားဝယ်မြို့သို့ နောက်တစ်နေ့နံနက် ၅ နာရီရောက်ရှိ၍ မြိတ်မြို့သို့ ညနေ ၄ နာရီ ရောက်ရှိသွားသည်။ လမ်း ခရီးကြန့်ကြာမှုမရှိဘဲ မော်တော်ကားစီးခရီးသည်တစ်ဦး တစ်သောင်းသုံးထောင်ကျပ်သာ ကုန်ကျ၍ စရိတ်သက်သာ အေးချမ်းစွာလိုရာခရီး ရောက်ရှိနေကြ၍ ဒေသတစ်ခုလုံးရှိ တိုင်းရင်းသားလုပ်သားပြည်သူများ ပြုံးပျော်ရွှင်နေကြသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ယခုအခါ ကမ်းရိုးတန်းအထူးအမြန်ရေယာဉ် (၇၂၇) မလေးရှားနိုင်ငံလုပ် အလျား ၄၅ မီတာ၊ အနံ ၅ ဒသမ ၅ မီတာ ရှိကာ မြင်းကောင်ရေ (၂၄၀၀) မီဆူမီရှီအင်ဂျင် နှစ်လုံးတိုင်ထားသည့် တစ်နာရီလျှင် ရေမိုင် ၃၀ မိုင်နှုန်း လုံခြုံစိတ်ချစွာ မောင်းနှင်နိုင်ကြောင်း၊ ခရီးသည် ၃၅၀ သက်သောင့်သက်သာလိုက်ပါစီးနင်းနိုင်ကြောင်း၊ မှန်လုံလေအေးပေးစက် တပ်ဆင်ထားပြီး VIP ထိုင်ခုံများ တပ်ဆင်ထားကြောင်း JADE FLOWER CO., LTD. မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ဇန်နဝါရီ ၃၁ ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီ မြိတ်မြို့ဆိပ်ငယ်တံတားမှ ပထမဦးဆုံး အမြန်ယာဉ်ပြေးဆွဲသော ရက်နေ့တွင် ခရီးသည် ၈၀ ခန့်သာလိုက်ပါသွားကြ၍ အမြန်ယာဉ် ထိုင်ခုံ ၂၇၀၊ ခုံလွတ်အဖြစ်ထွက်ခွာသွားပါ၍ ခရီးသည်တစ်ဦးလျှင် ကျပ်လေးသောင်းနှုန်းထားဖြင့် ကျပ်တစ်ရာ့ရှစ်သိန်းကျော်ကျော် အရှုံးပေါ်သွားကြောင်း သိရသည်။

မြိတ်မြို့နယ်မှ အလှကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ တင်ပို့နေသည့် ကုန်သည်တစ်ဦးက အမြန်ရေယာဉ်(၇၂၇)ဖြင့် မြိတ်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်ပါက (သို့မဟုတ်) ရန်ကုန်မြို့မှ မြိတ်မြို့သို့ သွားရောက်ပါက အမြန်ရေယာဉ် ဈေးနှုန်းစီးနင်းခ အပိုကုန်ခြင်း၊ အမြန်ရေယာဉ်ဟောင်းနွမ်း၍ လိုက်ပါစီးနင်းရန် စိုးရိမ်ကြခြင်း၊ အမြန်ရေယာဉ်သည် ကမ်းရိုးတန်းပင်လယ်ပြင်ကို ဖြတ်သန်းမောင်းနှင်ရာတွင် အလွန်သေးငယ်သဖြင့် မုတ္တမပင်လယ်ကွေ့အရောက် ရေယာဉ်နစ်ပိုင်းပြတ်ကျိုးကျနစ်မြုပ်မည်ကို စိုးရိမ်ကြောင့်ကြခြင်းတို့ကြောင့် လူစီးနည်းပါးပြီး ခရီးသည်များ လိုက်ပါစီးနင်းမှုနည်းပါးခြင်းကြောင့် အရှုံးပေါ်ရကြောင်း၊ ရေရှည်အရှုံးပေါ်မှုကို ရေယာဉ်ပိုင်ရှင်များက စိတ်ခတ်မကျဖို့သာ လိုပါကြောင်းနှင့် မော်တော်ကားဖြင့်သွားလာပါက ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးကားဂိတ်အရောက် တစ်ညအိပ်ခရီးစဉ်အဖြစ် ပိုမိုစိတ်ချလက်ချအဆင်ပြေစွာ ခရီးသွားလာနိုင်ကြောင်း ပြောပြသည်။

ခရီးသွားများအနေဖြင့်လည်း ကမ်းရိုးတန်း အထူးအမြန်ရေယာဉ်များ ဝန်ဆောင်မှုမကောင်းခြင်း၊ ခရီးသည်အပြည့်အကျပ်သတ်မှတ်ထားသော ခရီးသည်ဦးရေထက်ကျော်လွန်စွာ အဆမတန် တင်ဆောင်မောင်းနှင်ခြင်း၊ အမြန်ရေယာဉ် အဟောင်းအနွမ်းများကို ဆေးသုတ်၍ ပြေးဆွဲနေခြင်း၊ ပင်လယ်ပြင်ခရီးရှည် ရေလမ်းကြောင်းဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဝန်ဆောင်မှုဆရာဝန်၊ သူနာပြုဆရာမများ၊ အသက်ကယ်ရေကူးကျွမ်းကျင်ဝန်ထမ်းများ မပါရှိခြင်း၊ အမြန်ရေယာဉ် စီးနင်းခသည် ကားခထက် သုံးဆပိုမိုကြီးမြင့်ခြင်းအတွက် တစ်ညအိပ်ရောက်ရှိသည့် ကားများဖြင့်သာ အများစုသွားလာနေကြကြောင်း ခရီးသည်တစ်ဦးက ပြောပြသည်။




သို့အတွက် ကမ်းရိုးတန်းအထူးအမြန်ယာဉ်များမှ ထားဝယ်မြို့မှ အခြေပြုထွက်ခွာနေသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်-မြိတ်-ကော့သောင်း-ထားဝယ်မြို့များသို့ သုံးရက်ခြား ပုံမှန်ပြေးဆွဲနေသည့် ဟိုင်ဖိုင်-ဧရာနဒီအမြန်ရေယာဉ်များ ဝင်ငွေကောင်းနေကြောင်း သိရသည်။ စဉ်းစားဖွယ်ရာများမှာ ကမ်းရိုးတန်း အထူးအမြန်ယာဉ်များ ခရီးဝေးပင်လယ်ပြင်ရေကြောင်း ခရီးစဉ်မောင်းနှင်သွားလာရာတွင် အမြန်ရေယာဉ်များ ကြံ့ခိုင်မှုပိုမိုလိုအပ်ခြင်း၊ ပင်လယ်ပြင်ကို ဖြတ်သွားဖြတ်လာနိုင်သော ကြီးမားသော စံချိန်မီသတ်မှတ်ချက်ပြည့်မီသောအမြန်ရေယာဉ်များဖြစ်ရန် လိုအပ်ခြင်း၊ အမြန်ရေယာဉ်များ အသစ်တည်ဆောက်ပြီး ပြေးဆွဲရန်လိုအပ်ခြင်း၊ ပြည်ပနိုင်ငံများတွင် နှစ်ရှည်လများသုံးဆွဲပြီး အဟောင်းကို ဆေးပြန်သုတ်လျက် ခရီးနီးမြို့ကြီး၊ မြို့ငယ်များသို့ အနှစ်နှစ်ဆယ်ကျော်ကြာ ပြေးဆွဲပြီးမှ ကော့သောင်း-မြိတ်-ရန်ကုန် ပင်လယ်ပြင်ခရီးကို ခရီးသည် ၃၅၀ တင်ဆောင်ပြေးဆွဲခြင်းသည် လူ့အသက်ပေါင်းများစွာ အသက်အန္တရာယ်ရှိကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်တို့က အလေးထားစဉ်းစားပြီး အဖြေရှာစရာ (သို့မဟုတ်) လူ့အသက်ပေါင်းများစွာကို ကယ်တင်စရာပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## နွေစပါးစိုက်ပျိုးရေး ကလ္လာစုံမှ ကြိုးပမ်းနေကြပြီ

**ရေစကြို ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် ယခင်က နွေစပါးမဆိုထားနှင့် မိုးစပါးကိုပင် မိုးကောင်းသောက် လယ်မြေအချို့တွင်သာ အနည်းငယ်စိုက်ပျိုးသော အပူပိုင်းမိုးနည်းဒေသဖြစ်သည်။

ယခုအခါ နိုင်ငံတော်မှ လျှပ်စစ်မြစ်ရေတင် ခုနစ်ခု၊ ဆည်တမံ ငါးခုကို တည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံတောင်သူများမှာ မိုးစပါး၊ ဆောင်းသီးနှံအပြင် နွေစပါးကိုပါ အားထားစိုက်ပျိုးဝင်ငွေတိုး၍ အကျိုးများဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးရာတွင် မိုးစပါးကဲ့သို့မဟုတ် ရေသေချာသော လယ်မြေများတွင်သာ စိုက်ပျိုးရသည်ဖြစ်ရာ ယခုနှစ်တွင် တစ်မြို့နယ်လုံး နွေစပါးဧက ၃၄၉၄ လျာထားပြီး လျှပ်စစ်မြစ်ရေတင်နှင့် ဆည်ရေသောက်ဧရိယာတွင် ဧက ၁၆၃၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ ရေအရင်းအမြစ် အသုံးပြုရေးဦးစီးဌာနမှ ရွှေ့ပြောင်းလျှပ်စစ်မြစ်ရေတင်ဧရိယာတွင် တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ထယ်ရေးပြင်ဆင်ရန်၊ ပျိုးထောင်ရန်ရေများ စတင်လွှတ်ပေးလျက်ရှိသည့်နည်းတူ ၅၀ ဧက မျိုးသန့်ဇုန်တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးရန် သိပ္ပံနည်းကျ စိုက်ပျိုးရေ (GAP)စနစ် ၁၄ ချက်နှင့်အညီ ပေါင်စနစ်ဖြင့် ပျိုးထောင်ရန်မြေပေါင်များ ဆောင်ရွက်ထားသည်ကို တွေ့ရသည်။

**ရေစကြို-ဖေထွဏ်းဇော်**

### ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်(အင်္ဂါနေ့) ပြည်ထောင်စုနေ့သည် အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လိုအပ်သော ဆေးရုံသုံးစက်ကိရိယာပစ္စည်းများကို ဝယ်ယူလိုပါသည်။

ပေးသွင်းလိုသူများသည် ဈေးနှုန်းလွှာများကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်-(၅၇) စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - ၈-၂-၂၀၁၃ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၁၅-၂-၂၀၁၃ရက်၊ မွန်းလွဲ ၂နာရီ |
| ဆက်သွယ်ရန် ဖုန်းနံပါတ် | - ၃၇၂၃၆၂၊ ၃၇၁၉၆၉ (၂၁၆) |

**ဗဟိုဆေးသိုလှောင်ရေးဌာန**

### အမည်ပြောင်းလဲခေါ်ဆိုပါရန်

လပွတ္တာမြို့၊ အမှတ်-၇၁/၆ နေ အဖ ဦးကျော်သူလှိုင်၏ သားဖြစ်သူ မောင်ရန်နောင်ထွဋ်အား မောင်ရှိုင်းထွဋ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရှိုင်းထွဋ်အောင်**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်(၄၀)၊ အခန်း(၃၁)၊ (၂)ခန်းတွဲ၊ (၄)ထပ်တိုက် (အပေါ်ဆုံးထပ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အစဉ်အဆက် အရောင်းအဝယ်စာချုပ်များ၊ အကျိုးခံစားခွင့်များကို လက်ရှိနေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စီစီမေ [၁၂/ဗဟန(နိုင်)၀၃၃၁၁၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား (မူရင်း)နှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်သည့်တိုင် ကန့်ကွက်မည့်သူများ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းလွင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (၈၁၅၁)**
**အမှတ်(၂၉)၊ ဦးအောင်မင်းလမ်း၊(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၇၃၀၈၆၈၇၆**

### မော်တော်ယာဉ်ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား ဌာနဆိုင်ရာ အမည်ပေါက် ဝယ်ယူလိုပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် ဤဦးစီးဌာန၊ ငွေစာရင်းဌာနတွင် အိတ်ဖွင့်ဈေးနှုန်းလွှာပုံစံနှင့် စည်းကမ်းသတ်မှတ်ချက် တစ်စုံလျှင် ၂၀၀၀၀ ကျပ်နှုန်းပေးသွင်း၍ ရယူနိုင်ပါသည်-

၁။ Wagon (၂)စီး
၂။ Saloon (၁)စီး
၃။ Van (၁)စီး

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၂-၂-၂၀၁၃ရက်(သောကြာနေ့) (၁၆း၃၀) နာရီဖြစ်ပြီး၊ ဤဦးစီးဌာနသို့ မော်တော်ယာဉ်ဆိုင်ရာအချက်အလက်များ၊ ဓာတ်ပုံမှတ်တမ်းများနှင့်အတူ အရောက်ပေးပို့ တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤဦးစီးဌာန၊ အင်ဂျင်နီယာဌာနနှင့် တယ်လီဖုန်းအမှတ် ၀၁-၅၃၉၄၃၇၊ ၀၁-၅၀၂၂၅၇ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီ**
**အဆင့်မြင့် ပညာဦးစီးဌာန**
**(အောက်မြန်မာပြည်)**

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နမိတ်အတွင်းရှိ မြို့နယ်များတွင် အဆောက်အအုံများတည်ဆောက်ခြင်း လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် အငယ်တန်းအင်ဂျင်နီယာလိုင်စင်၊ အကြီးတန်းအင်ဂျင်နီယာလိုင်စင်၊

အဆောက်အအုံအင်ဂျင်နီယာလိုင်စင်(SEC) လိုင်စင်များထုတ်ပေးရန် အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၃-ခုနှစ် မတ်လ (၁၆)ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လိုင်စင်လျှောက်ထား လိုသူများသည် ၂၀၁၃-ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့ နောက်ဆုံးထား၍ ဤဌာနသို့ လျှောက်လွှာများအား အချိန်မီပေးပို့ကြပါရန် အသိပေးကြေညာအပ်ပါသည်။ (အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၃၈၁၂၉၁, ၀၁-၂၄၈၁၁၂/လိုင်းခွဲ-၂၄၈ သို့စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### PANDA (အင်ဂျင်နီယာအဖွဲ့)

- Air-con၊ရေခဲသေတ္တာ၊အဝတ်လျှော်စက်၊ Boiler၊အဝတ်ခြောက်ခံစက် ရောင်းဝယ်၊ပြုပြင်၊တပ်ဆင်၊ဆေးကြော၊ လဲလှယ်ခြင်းများကို အိမ်အရောက်ဆောင်ရွက်ပေးနေပါသည်။
- Air-conအသစ်များကို ကုမ္ပဏီဈေးနှုန်းအတိုင်းရောင်းချပေးပါသည်။
- Good Second-Hand Air-con များကို(၁)နှစ်အာမခံဖြင့်ရောင်းပေးခြင်း။
  - ➢ 110V Vertical - 75,000 to 100,000 Ks
  - ➢ SplitType 1 & 1.5 H.P - 100,000 Ks
  - ➢ Window Type 1 & 1.5 H.P - 90,000 Ks

အမှတ်(၃၀)၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်။
09 515 8803, 09 519 8402, 09 732 29024

### ရွှေတော်ဝင် ခရီးသွားလာရေးကုမ္ပဏီ

အိန္ဒိယနှင့် နီပေါနိုင်ငံ ဘုရားဖူးခရီးစဉ်များကို အောက်ပါခရီးစဉ်များအတိုင်း ရွှေတော်ဝင်မိသားစုမှ ပါရမီဖြည့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းကို အထူးသတင်းကောင်းပါးအပ်ပါသည်။

(၁) ၁၃. ၀၂. ၂၀၁၃ (၂) ၀၉. ၀၃. ၂၀၁၃ (၃) ၁၅. ၀၃. ၂၀၁၃
(၄) ၁၈. ၀၃. ၂၀၁၃ (၅) ၂၅. ၀၃. ၂၀၁၃ (၆) ၁၂. ၀၄. ၂၀၁၃

မိသားစုခရီးစဉ်များ အထူးသီးသန့်စီစဉ်ပေးပါသည်။

ဆက်သွယ်ရန်
အမှတ် (၄/ဘီ)၊ မြေညီထပ် ၊ ၁၄၇ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၉၀၀၀၇၈၄ ၊ ၀၉-၅၀၈၁၃၁၈ ၊ ၀၉-၅၁၀၉၇၆၈ ၊ ၀၉-၇၃၀၉၅၁၃၉ ။

### အယူတော်ခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၄၁ နည်းဥပဒေ-၁၄)**
**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**
**၂၀၁၂-ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ်-၂၈၃**

| | | |
|---|---|---|
| ဦးကျော်ဇင်ထိုက် | နှင့် | ဦးကျော်စိုးမိုး<br>တိုက်အမှတ်(စီ)၊ အခန်း(၈၀၄)<br>East Point Shopping Center<br>မဟာဗန္ဓုလလမ်းနှင့် ပုဇွန်တောင်လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| (အယူခံတရားလို) | | (အယူခံတရားပြိုင်) |

၂၀၁၂ခုနှစ်၊ ဩဂုတ်လ ၃ရက်နေ့စွဲပါ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၁၄၁၈/၂၀၁၁ ၏ စီရင်ချက်နှင့် ဒီကရီကိုအယူတော်ခံမှု။

အထက်အမည်ပါ အယူခံ တရားပြိုင် ဦးကျော်စိုးမိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချပေးသည့် ဒီကရီကို ဦးကျော်ဇင်ထိုက်က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင် စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၃ခုနှစ်၊ မတ်လ ၁ရက် (၁၃၇၄ ခု တပို့တွဲလပြည့်ကျော် ၄ ရက်)တွင် ဆိုင်ရန် ဤရုံးတော်ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက် ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ် ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံ နိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီအမိန့်-၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်တို့က ကန့်ကွက်ကြောင်း ဤအယူခံမှု ရုံးတော်၌ အကြောင်းကြား အစီအရင်ခံစာ တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ**
**(ကျော်စွာငြိမ်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**

## အခန်းဆက်ဝတ္ထု

# ကလပ်နောင်




**(ယမန်နေ့မှအဆက်)**

ကြည်။ ။"ရီရီရယ်. . ယခုလိုနေရတာ သိပ်ပျော်တာပဲနော်၊ ဒါထက်ဟု လည်ချောင်း၌ တစ်စုံတစ်ရာကို မျိုချကာ . . ဒါထက်အရင်ကလိုပဲ ချစ်. . ချစ်သေးတယ် မဟုတ်လား"

ရီ။ ။(ရုတ်တရက် မောင်လွန်းကြည်အား မျက်တောင်စင်းကာ ကြည့်ပြီး တစ်ဖန်ခေါင်းကိုငုံ့လျက်) "ဒါ ဘာဖြစ်လဲ ကိုကိုရယ်. . ချစ်ပါတယ်။ ဒီလိုချစ်တာကို အသစ်လုပ်ပြီး မေးနေစရာ"

ကြည်။ ။ ဩော် . . ကောင်းပါလေရဲ့ ရီရယ်၊ သို့သော် စဉ်းစားဖို့တစ်ခုကတော့ ဟို . . ငယ်ငယ်တုန်းက ချစ်ခဲ့ကြသည်မှာ အချစ်ငယ်ကလေးပေါ့။ ယခုလိုကြီးပြင်းလာကြပြန်တော့ အချစ်များများကြီး ချစ်ပါသလားလို့ ။

သန်းရီသည် ထိုစကားကို အကျဉ်းသံခိပ်လည်းသိ၏။ အကျယ်ဝဏ္ဏနာကိုလည်း သိ၏။ ထိုသို့ သိရသောကြောင့် မောင်လွန်းကြည်ကို ချစ်မိခြင်းမှာ မှန်၏။ မှန်သော်လည်း ကိုလွန်းကြည်သည် ငါ၏မောင်အရင်းဖြစ်ပါလျက် ဤကဲ့သို့သော စကားထူးများကို ပြောကြားဝံ့သည်မှာ ရှက်ဖွယ်ဖြစ်ပေ၏။

သို့ရာတွင် ယခင်က သန့်သန့်မျှ ထင်ယောင်ထင်မှားကြားရဖူးသော စကားများကို ရွေးကောက်မိသောကြောင့် အလွန်ကြည်လင်တောက်ပလျက်ရှိသော လမင်းသည် ခဏချင်း တိမ်ခိုးတိမ်လျှံတို့ဖြင့် ယှက်သန်းအုပ်ဖုံးလိုက်ဘိသကဲ့သို့ ညှိုးငယ်သော မျက်နှာအမူအရာများ ပြောင်းလဲသွားသည်ကို မောင်လွန်းကြည်မြင်ရလေလျှင် မရှင်မသာဖြစ်သောကြောင့် သန်းရီအနားသို့တိုး၍ လက်ဖျားကလေးများကို သာယာဖြည်းညင်းစွာ ကိုင်ကာ. . ဘယ့်နှယ်လဲ . . . . ရီရီရယ်၊ ရီရီ့မျက်နှာကိုကြည့်ရတာ ကိုကို မသက်သာပါဘူး။ ဘာကြောင့်လဲ. . ကိုကို မေးတာ လွန်လွန်းသလား၊ ကဲပါ. . နောက်ကို မမေးပါဘူး"

ရီ။ ။ခက်ခဲတာတစ်ခုရှိတယ် ကိုကိုရယ်၊ ကိုကိုလည်းသိမှာပါပဲ၊ ဒါထက်နေပါဦး။ သည်အနားကို သိပ်မတိုးစမ်းပါနဲ့. . . ဟိုမှာ မေမေလာနေတယ်ဟု ဣန္ဒြေဆယ်၍ စာအုပ်ကိုလှမ်းယူကာ ကြည့်နေလေ၏။

ဒေါ်နှင်းအိသည် မချိုမချဉ်သော မျက်နှာထားနှင့် ၎င်းတို့ အနီးသို့ လျှောက်လာပြီးလျှင်. . . . ကိုင်းလေ. . . မိုးမချုပ်သေးဘူးလား၊ အိမ်ပေါ်သို့ တက်ကြရအောင်ဟု ပြောပြောဆိုဆို ရှေ့ကသွားနှင့်လေရာ မောင်လွန်းကြည်နှင့် မသန်းရီတို့လည်း နောက်မှအတူလိုက်ပါသွားကြရလေ၏။

ထိုနေ့မှစ၍ မောင်လွန်းကြည်နှင့် မသန်းရီတို့သည် အချစ်၏ပင်စည်ပင်ဆက် အညွန့်အတက်များသည် ကြီးပွားထက်သန်လာကြပြီးလျှင် နောက်ဆုံး၌ တစ်ယောက်နှင့်တစ်ယောက် မမြင်ရလျှင် မနေနိုင်သော အဖြစ်မျိုးသို့ လုံးလုံးကြီးတိုင်ရောက်ကြ၍ အခွင့်အခါကိုကြည့်လျက် အမိအဖတို့ကို ပြောကြားရန် ကြံစည်ထားကြလေ၏။

တစ်နေ့သောအခါ မောင်လွန်းကြည်သည် မိမိပြောကြားသည့်အတိုင်း မိဘနှစ်ပါးက သဘောမတူကြောင်းကို သိရလေသောကြောင့် မအိပ်နိုင်မစားနိုင်ဖြစ်ကာ ဥပါဒါန်တရား စွဲကပ်အားကြီးလျက် ဤသန်းရီကလေးနှင့် ထိမ်းမြား၍မပေးငြားခဲ့ပါလျှင် ဤကမ္ဘာလောကကြီး၌ အသက်နှင့်နေဖို့ရန် အကျိုးမကြီးတော့ချေဟု မိမိစိတ်ကို ဆုံးဖြတ်လျက် အစာမသုံး လုံးလုံးမထသော အိပ်ခြင်းဖြင့်သာ နေလေတော့၏။

သန်းရီမှာလည်း ထိုသို့သော အကြောင်းကိုသိရှိရလျှင် အသည်းနှလုံးပူဆွေးလှ၍ ကျွမ်းလောင်ကြွေကျလုမတတ် ဖြစ်ရှာလျက် မျက်ရည်နှင့်မျက်ခွက်မှာ မပြတ်အောင်ရှိနေလေ၏။ သို့ရာတွင် ရသေ့စိတ်ဖြေဆိုသော စကားကဲ့သို့ အနည်းငယ်သက်သာစေရန် ဥပုသ်ရက်ရှည်စောင့်ခြင်းနှင့် ဘုရားဝတ်တက်ဝတ်ကပ်ပြုခြင်း အမှုနှင့်သာ အချိန်ကို ကုန်လွန်ခဲ့ရရှာလေ၏။

ဦးပဏ္ဍိက"ဘယ့်နှယ်မအိ ရဲ့. . . . မင်းသားရဲ့ဖြစ်ပုံက ကဲလွန်လွန်းလှပါကလား၊ ခက်ပဲခက်သေးတယ်ကွယ်။ ဒါထက် ထမင်းမစားဘဲနေတာ ဘယ်နှရက်ရှိသွားပလဲ"

ဒေါ်နှင်းအိသည် စိုးရိမ်မကင်းသောအနေနှင့်. . . "ကိုယ့်သွေးကိုယ့်သား ကြည့်ပါဦး၊ အခုထိ ထမင်းမစား၊ အစာမသုံးဘဲနေလိုက်တာ၊ ယနေ့ပါဖြင့် သုံးရက်တောင် ရှိသွားပြီ. . . နွဲ့ဆိုးဆိုးတဲ့သားပဲ. . . လွန်ရောရှင်. . . ။ ဒီလိုနှင့်ဖြင့် ကြာလျှင် ခက်တော့မှာပဲ။"

ပဏ္ဍိ။ ။"ဘယ့်နှယ်လုပ်မလဲ မအိရဲ့. . . . ဒီသန်းရီဆိုတာကလည်း သိကြတဲ့အတိုင်း၊ ဘယ်လိုအမျိုးအနွယ်ထဲကမှန်းမှ မသိဘဲ၊ သမီးအမှတ်နှင့်သာ မွေးထားလိုက်ရတာကလား၊ အဲဒီတော့ သဘောတူဖို့က သိပ်ခက်တာပဲ၊ ဒို့ပြင် ဒီမြို့ထဲက ဟိုပွဲစားမောင်အံ့ရဲ့ သမီးကလေးကော. . . အတော်သားပဲ၊ နောက်ပြီး ဟိုသစ်ခေါင်းကြီးနေဒွန်းရဲ့ သမီးတော့ကော၊ ဒင်းမလိုချင်ဘူးတဲ့လား၊ မင်းပဲ ဖျောင်းဖျောင်းဖျဖျ. . . "

ထိုနေ့မှစ၍ မောင်လွန်းကြည်နှင့် မသန်းရီတို့သည် အချစ်၏ပင်စည်ပင်ဆက် အညွန့်အတက်များသည် ကြီးပွားထက်သန်လာကြပြီးလျှင် နောက်ဆုံး၌ တစ်ယောက်နှင့်တစ်ယောက် မမြင်ရလျှင် မနေနိုင်သော အဖြစ်မျိုးသို့ လုံးလုံးကြီးတိုင်ရောက်ကြ၍ အခွင့်အခါကိုကြည့်လျက် အမိအဖတို့ကို ပြောကြားရန် ကြံစည်ထားကြလေ၏။

အိ။ ။"အို. . . ရှင်ပြောတာက နောက်ကျန်သေးတယ်၊ ဒါတင်ဘာကမလဲ၊ မံဟဲက မြို့သူကြီး ဦးသိီးရဲ့သမီးဆီကိုတောင် ရောက်ခဲ့သေးတယ်။ ဒါလည်း သဘောမကျဘူးတဲ့တော့၊ ဒီသန်းရီကလွဲလျှင် ဘယ်လိုပဲချောလှလိမ္မာစေတော့ မယူနိုင်ဘူးတဲ့၊ အင်း. . . သန်းရီကလေးလည်း သနားစရာပဲ"

ပဏ္ဍိ။ ။" ကိုင်းလေ. . . တဖြည်းဖြည်းဖျောင်းဖျပြောဆိုလိုက်ပါဦး မအိရယ်"

နောက်လေးရက်မျှ ကြာရှိသောအခါ ဒေါ်နှင်းအိသည် သားမောင်လွန်းကြည်ထံသို့ ဖျောင်းဖျပြောဆိုရန်အတွက် သွားရောက်၍ ၎င်း၏အခန်းပေါက်ဝမှ လှမ်းထောက်၍ ကြည့်လိုက်ရာ မောင်လွန်းကြည်သည် မူလရုပ်ရည်နှင့်လုံးလုံးမျှ အသွင်မတူ၊ အရိုးပေါ်အရေတင်ဖြစ်လျက် သွေးမရှိသောသူကဲ့သို့ ဖြူရော်နွမ်းရိကာ မို့သောမျက်ခုံး၊ ညို၍ရှိုင်းနက်သော မျက်ကွင်းများနှင့် အိပ်ရာထက်တွင် လူးလွန့်ကာရှိနေသည်ကို တွေ့မြင်ရလျှင် ဇေပုတ္တမနုရကျွေ၊ တစ်ယောက်တည်းသောသားဖြစ်သည့်အားလျော်စွာ သနားကြင်နာလှသောကြောင့် မျက်ရည်များ ကျမိရှာလေ၏။

ထိုစဉ်အခိုက် ဦးပဏ္ဍိရောက်လာပြန်သောအခါ ဒေါ်နှင်းအိနှင့် မောင်လွန်းကြည်ကို တစ်လှည့်စီကြည့်လျက် အံ့အားသင့်၍ နေလေ၏။

ထိုအခါ ဒေါ်နှင်းအိအား လက်ပြကာခေါ်ပြီး ကိုင်း. . . ကိုင်း ကြာလျှင် သိပ်ပြီးဒုက္ခများကြတော့မယ်။ မင့်သား သဘောအတိုင်းသာ ခွင့်ပြုလိုက်တော့ကွယ်ဟု ပြောဆိုပြီး ထွက်သွားလေ၏။

ဒေါ်နှင်းအိသည် ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းဖြင့် ရောပြွမ်းလျက် မောင်လွန်းကြည်ထံသို့ ခြေဖျားထောက်ကာ သွားရောက်၍. . ." သားရယ် စိတ်ထောင်းတော့ ကိုယ်ကြေ ဆိုတာလို ဥပါဒါန်တရားများကို အမှားကြီးစွဲမြဲဖို့လည်းသင့်တော်မယ် မထင်ဘူးကွဲ့။ ဒီတရားကို ဖျောက်လိုက်ပါတော့၊ မောင်လွန်းကြည်သည် မှိတ်ထားသော မျက်စိကိုမျှ မဖွင့်နိုင်တော့ဘဲ မိခင်ပြောသောစကားကို ကြားရသော်လည်း ဤကဲ့သို့သော စကားမျိုးမှာ ရိုးနေလှပြီဖြစ်၍ အကြောင်းမထူးတော့ချေ။ သည်လိုနဲ့ဖြင့် ငါသေလျှင် ကိစ္စအေးပဲဟု ထင်မြင်ကာ သေဖို့ရန်ကိုသာ တွေးမိလေ၏။

သို့ရာတွင် လေသံသဲ့သဲ့ကလေးနှင့် အားယူကာ ပြန်ပြောလေသည်မှာ " မေမေရယ် သားကို သေအောင် သတ်တဲ့နည်းများ သည့်ပြင်တစ်နည်းမရှိတော့ဘူးလား"ဟု ဝမ်းနည်းစွာပြောဆိုပြီး တစ်ဖက်သို့ စောင်းလှည့်၍ သွားလေ၏။

ဒေါ်နှင်းအိသည် ပြုံးရွှင်ရယ်မောလျက် " ကဲ. . . ကဲ ငါ့သားရဲ့ အလိုဆန္ဒအတိုင်း အမေတို့ခွင့်ပြုပါပြီကွယ်၊ စိတ်ချပါတော့" ဟုပြောဆိုလိုက်ရာ မောင်လွန်းကြည်သည် ကြည်ရွှင်သောမျက်နှာနှင့် အားယူကာဖွင့်၍ ကြည့်လိုက်စဉ် ဒေါ်နှင်းအိနောက်နားမှာ သနားစရာညှိုးငယ်သော မျက်နှာနှင့် သန်းရီအား တွေ့မြင်လိုက်သောကြောင့် ဖွင့်လျက်ရှိသောမျက်လုံးများသည် အရပ်အနားမရှိ လှုပ်ရှားပြုံးကျယ်စွာ စိုက်၍ကြည့်နေသည်ကို ဒေါ်နှင်းအိသည် မောင်လွန်းကြည် ကြည့်သောနေရာသို့ စောင်းငဲ့၍ကြည့်လိုက်ပြန်ရာ အံ့သြခြင်းဖြစ်မိလေ၏။

အကြောင်းမူကား ဤသို့သော သဘောမတူသည့်နေ့ကစ၍ ၎င်းတို့နှစ်ဦးအား ကူးလူးဆက်ဆံတွေ့ရန် အခွင့်မပြုဘဲ ထားရှိခဲ့လေရာ သန်းရီသည် ယခုကဲ့သို့ ရဲဝံ့စွာလာရောက်ခဲ့ခြင်းများအတွက် အံ့သြခြင်း ဖြစ်ရလေသည်။

ကြည်. . . ရီ. . .

ရီ။ ။"ကြည်". . . ဟု တစ်ခွန်းဆီသာ ခေါ်နိုင်ကြလျက်၊ ဒေါ်နှင်းအိကိုမျှ မကြည့်နိုင်မမြင်နိုင်အားဘဲ ၎င်းတို့၏လက်နှစ်ဖက်ဆီတို့ကို မြှောက်ကာ ပေါင်းဆုံ၍ နယ်ကြသည်တွင်မျှမက. . . ဒေါ်နှင်းအိသည် အခန်းပြင်ဘက်သို့ သွက်လက်စွာ ခဏချင်းထွက်လာခဲ့ရလေ၏။

မောင်လွန်းကြည်နှင့်သန်းရီတို့သည် တစ်နေ့တခြား ရေတွေ့ငါးကဲ့သို့ များစွာရွှင်လန်းဝမ်းသာကြလေ၏။ ဤကမ္ဘာလောကကြီးသည် ဝိဝဋ္ဋဌာယီကပ်နှင့်အညီ အသစ်ထပ်မံပေါ်ပေါက်လာပြန်ဘိသကဲ့သို့ မှတ်ထင်ရလေ၏။ မြင်မြင်သမျှသော အရာဝတ္ထုစသည်တို့မှာလည်း အသစ်ကျပ်ချွတ် နေလနှင့်အတူ ဝင်းဝင်းတောက်ကာ ဖြစ်ပေါ်လာလျက် တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်းများမှာ ထူးခြားသာလွန်သည်ဟု ထင်ရလေ၏။ အလုံးစုံကြားရသော အသံများသည်လည်း သာယာသော တူရိယာသံနှင့် မခြား နာပျော်ဖွယ်ချည်းပင်ဟု မှတ်ထင်ရလေ၏။ သို့ဖြစ်၍ ၎င်းတို့၏ ချစ်ခြင်းတည်းဟူသော မေတ္တာတရားတို့သည် ငွားငွားစွင့်စွင့် ကားကားပွင့်လျက် ဖြစ်ပေါ်လာကာ ယုတ်လျော့သည်မရှိ တိုးတက်သည်ထက် တိုးတက်ကြလျက်၊ အကြွေးထား၍ မရနိုင်သော အချစ်၏ မေတ္တာဓာတ်လုံးဓာတ်ခဲတို့မှ လုံအိုးထဲ၌ အရည်ပျော်ကာ ပေါင်းစပ်စေ့ဆော်သမခြင်းအားဖြင့် ပြင်းထန်သော မီးအရှိန်ကြောင့် ထိန်ထိန်ဝါဝါ အကြည်ဓာတ်ဖြစ်ကာ "ရှစ်ကမ္ဘာသွေ့မမေ့ နေသရွေ့ချစ်မှာ"ဟူသော ကဗျာကဲ့သို့ ဓမ္မတာဘုံဓလေ့အရ သာယာသောနေ့တစ်နေ့တွင် အကြင်သို့သော လက်ထပ်သဘင်ပွဲကြီးကို ဆင်ယင်နွှဲပြီး လေတော့သတည်း။

" အို. . အို ဘယ့်နှာလဲတော့၊ စကားနှင့်ပြောရုံသာ ပြောပါ။ ကြားပါတယ်. . ဘာလဲ ဒီလက်ကြီး ဖယ်ပါ. . ဟင်းနော် ဟင်း. . ဒါပဲ။

" တိုးတိုးပါခင်ဗျ. . . သိပ်ကျယ်တာကိုး"

" ကဲပါလေ ပြောရင်လည်း ရိုးရိုးပဲပြောလိုက်ပါ"

" ခက်နေပါပြီ ဒီလို. . ဒီလို တိုးတိုးပြောမယ်. . ကြီးက၊ ပန်းတင်ကြီးထံ. . . လိုသတဲ့၊ အဲဒီတော့ သည်ကလပ်နောင်မြို့ထဲကဆိုတဲ့ မိန်းကလေးကလွဲလို့. .

"ဘာ. . ဘာ ဘယ်သူ"

**(ဆက်လက်ဖော်ပြပါမည်)**

MYANMAR GEMMOLOGICAL INSTITUTE
MGi Learning For Life

ဈေးကွက်အေးချိန်မှာ ပညာရှာပါ ...
ဈေးကွက်ကောင်းတဲ့အခါ စီးပွားရှာပါ ...

"ကျောက်စိမ်းပညာလုပ်ငန်းခွင်သင်တန်း"
ကျောက်စိမ်းပညာရှင် နှင့် ကျောက်စိမ်းလုပ်ငန်းရှင်များ ကိုယ်တိုင် စာ/လက်တွေ့ပို့ချမည်။
၁၈.၂.၂၀၁၃ မှ ၂၄.၂.၂၀၁၃ ထိ ညနေ (၄:၀၀) မှ (၇:၀၀)ထိ

"လက်တွေ့အသုံးချ ကျောက်မျက်ပညာသင်တန်း"
(စိန်၊ ပတ္တမြား နှင့် နီလာ) သီးသန့်
၁၈.၂.၂၀၁၃ မှ ၂၄.၂.၂၀၁၃ ထိ နံနက် (၉:၀၀) မှ (၁၂:၀၀)ထိ

"ကျောက်မျက်ရတနာဒီဇိုင်းပညာသင်တန်း"
ကျောက်မျက်ဒီဇိုင်းပညာရှင်ကိုယ်တိုင် စာတွေ့/လက်တွေ့ပို့ချမည်။
၁၈.၂.၂၀၁၃ မှ ၇.၃.၂၀၁၃ထိ နံနက် (၁:၀၀) မှ (၃:၀၀)ထိ

အမှတ်(၁၁၆)၊ ပထမထပ်၊ ၄၁ (အပေါ်)လမ်း၊ ရန်ကုန်။ ၀၁-၃၉၂၀၄၉၊ ၀၉-၇၃၀ ၅၀ ၃၇၀၊
အမှတ်(၁၇၅)၊ ၂၆ဘီလမ်း၊ ၈၀-၈၁လမ်းကြား၊ မန္တလေး။ ၀၉-၉၁၀၀ ၁၈၁၈

**ကန့်ကွက်နိုင်ပါသည်။**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၅ (သမိုင်း)၊ မြေကွက်အမှတ်- ၁/ခ၂၁၂၊ ဧရိယာ- ၀.၁၉၈ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ် (၇)၊ အမှတ်- ၃၆၈ (စီ) ဟုခေါ်တွင်သည့် (၂) ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ဦးညွန့်တင် (၁၂/ပဘတ (နိုင်) ၀၁၅၆၂၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး (LL.B., LL.M.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၃၀-၃၅၀၀၁။

## အလောင်းတော်ကဿပဒေသ အညာမြေဘုရားဖူးနှင့် ရွှေဆံပင်တံတားလမ်းလေ့လာရေးခရီးစဉ်

ရန်ကုန်မြို့စေတနာရှင်များ၏တောင်းဆိုမှုအရ ဆရာတော်များ၏ဩဝါဒကို ခံယူ၍ ရွှေဆံပင်တံတားလမ်းအကျိုးဆောင် လှူငယ်များ စီစဉ်သော ဤခရီးစဉ်တွင် **မန္တလေးမဟာ မြတ်မုနိ၊ စစ်ကိုင်းတောင်းမှူတော်၊ ဇောခီတစ်ထောင်၊ မိုးညှင်းသမ္ဗုဒ္ဓေ၊ ဧဏ္ဍာဗ္ဗလာရွှေဂူနီ၊ မုံရွာတုရားစုံ၊ ရွှေတောင်ဦး၊ ဗိုလ်ဝင်တောင်၊ ရွှေထတောင် နှင့် အလောင်းတော်ကဿပ** ဘုရားများသို့ သွားရောက်ဖူးမြော်ကြမည်ဖြစ်ပြီး ရွှေဆံပင်တံတားလမ်းများတည်ဆောက်နေမှုတို့ကိုလည်းလေ့လာကြပါမည်။ (၁၆)ကြိမ်တိုင်တိုင် (ရန်ကုန်မြို့မှ ဘုရားဖူးခရီးသည်ပေါင်း၁၅၀၀ကျော်) ပို့ဆောင်ဖူးမြော်ခဲ့ပြီးဖြစ်ပါသည်။ စီးပွားရေးလုပ်ဆောင်ခြင်း မဟုတ်သည့် အတွက် မည်သူ့ကိုမျှ ကော်မရှင်မပေးပါ။
**တစ်ဦးလျှင် စရိတ်ငြိမ်း(၅၅,၀၀၀/-)ကျပ်။**

ခရီးစဉ်ရက်များ – (၂၀-၂-၂၀၁၃)၊(၂၈-၂-၂၀၁၃)၊(၈-၃-၂၀၁၃)၊(၂၂-၃-၂၀၁၃)၊(၅-၄-၂၀၁၃)
ဆက်သွယ်ရန် – ၀၉ ၆၄၅၀၆၅၄၊ ၀၉ ၄၀၀၄၇၁၄၂၂၊ ၀၉ ၆၄၅၁၄၂၂၊ ၀၉ ၄၀၀၄၀၆၂၉၂။
လိပ်စာ – တိပိဋကမဟာဂန္ဓာရုံကျောင်း၊ဝါယာလက်(၃)လမ်း(ကျောက်မျက်ပြခန်းရှေ့လမ်းသွယ်)၊ ကမ္ဘာအေး၊မရမ်းကုန်း၊ရန်ကုန်။

## The LegalAffairs magazine

ဥပဒေ မဂ္ဂဇင်း



ပြည်ထောင်စုကြီး၏အသက်ပင်လုံစာချုပ်...
စာရေးဆရာကိုကိုမောင်ကြီး၏နိုင်ငံရေးနှင့်ဥပဒေဆောင်းပါး ...
ဗိုလ်ချုပ်ပြောတဲ့ဖယ်ဒရယ်နှင့်....
ဒုတိယပင်လုံကိုတည်ဆောက်ကြပါစို့အစရှိသည့်ဆောင်းပါးကောင်းပေါင်းမြောက်မြားစွာဖြင့်
ထွက်ပြီ

အမှတ်(၉၇)-၃၉လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.
ဖုန်း-၀၉-၇၃၀၉၅၄၁၂၊ ၀၉-၄၂၅၂၈၇၆၂၀ email:legalaffairs.mm@gmail.com

## ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Shwe Yin Mar Co.,Ltd.(WTSC Group)သည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုး၊ မော်တော်ကားအပိုပစ္စည်းအမျိုးမျိုး၊ မော်တော်ကားနှင့် စက်ယန္တရားသုံး Ball Bearing များနှင့် Hydraulic Hose & Assembly အစရှိသည့်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချလျက်ရှိရာတွင် အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသော ဝန်ထမ်းများ အမြန်အလိုရှိပါသည်။

၁။ အရောင်းမန်နေဂျာ (လုပ်ငန်းအတွေ့အကြုံ ၅-နှစ်) ကျား( ၁ )ဦး
၂။ အရောင်းဝန်ထမ်း (လုပ်ငန်းအတွေ့အကြုံ ၂-နှစ်) ကျား(၂၀)ဦး
၃။ Regional Sales Representative (လုပ်ငန်းအတွေ့အကြုံ ၃-နှစ်)ကျား/မ(၂၀)ဦး
(မြစ်ကြီးနား/ဖားကန့်၊ တောင်ကြီး၊ လားရှိုး၊ မုံရွာ၊ မော်လမြိုင်၊ မကွေး၊ မြင်းခြံ၊ ပခုက္ကူ၊ နေပြည်တော်၊ တောင်ငူ၊ ပုသိမ်) သက်ဆိုင်ရာမြို့များ၌ နေထိုင်သူအား ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် **www.shweyinmar.com** တွင်
အသေးစိတ်ဖတ်ရှု၍ လိုအပ်သည့် စာရွက်စာတမ်းအပြည့်အစုံဖြင့်
**Shwe Yin Mar Co.,Ltd.** အခန်းအမှတ်(၇၀၅-၇၀၆)၊ Central Tower, အနော်ရထာလမ်းနှင့် ၃၉-လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့်နေ့မှ (၂) ပတ်အတွင်း websiteမှတစ်ဆင့် (သို့) လူကိုယ်တိုင်လာရောက်၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

## အိမ်ရောင်းမည်

- 2BN, 1MBR, 2BR, 2A/C
- bathtub, Water heater,
- Landscape, ရေ၊ မီး
  ပေ(၄၀ × ၆၀) ဂရန်အမည်ပေါက်
- 41 ရပ်ကွက်၊ ယုဇနလမ်း
  သိန်း(၁၂၅၀) **ဖုန်း-၀၉ ၇၃၁၂၇၀၈၉**

## ကားအမြန်ငှားလိုသည်

**Canter Car၊ Dyna Car**

၁၀ပေ၊ ၁၂ ပေ၊ ၁၄ ပေ ပုံး(သို့) အမိုးကိုင်း
ယာဉ်မောင်းပါရှိရမည်။ လချုပ်ငှားမည်။
ဈေးကောင်းပေးမည်။

**ဆက်သွယ်ရန် ဖုန်း-၀၁-၈၆၁၀၆၆၆**

## ကင်းထောက်ကြီးတွေပြန်ဆုံကြစို့

မိတ်ဆွေကင်းထောက် (အမျိုးသား/အမျိုးသမီး)အပေါင်းတို့-

ပညာရေးဝန်ကြီးဌာနက ကင်းထောက်အဖွဲ့တွေပြန်လည်ဖွဲ့စည်းလှုပ်ရှားနေလို့ ဝမ်းသာဂုဏ်ပြုကြိုဆိုပါတယ်။ တစ်ခေတ်က ကင်းထောက်တစ်ယောက်အဖြစ် တာဝန်ယူခဲ့ရတာကို ဂုဏ်ယူခဲ့တယ်၊ ပျော်ရွှင်ခဲ့ကြတယ်၊ ဒီခေတ်ကင်းထောက်ကလေးတွေအတွက် အတွေ့အကြုံတွေ မျှဝေအမွေပေးချင်တယ်၊ ဆုံကြရအောင် ၂၃-၂-၂၀၁၃ ရက်(စနေနေ့)၊ နံနက် ၁၀နာရီ "တက္ကသိုလ်စိန်ရတုခန်းမ"(ပြည်လမ်း)မှာ ဆုံကြရအောင် --- အမှတ်တရဓာတ်ပုံတွေ ၊ ပစ္စည်းတွေ၊ မှတ်တမ်းတွေယူလာခဲ့ပါလား။ နေ့လယ်စာစားရင်း ပျော်ပျော်ပါးပါး စကားတွေဖလှယ်ကြရအောင်၊ တစ်ဦးချင်းရော မိသားစုပါ ဖိတ်ခေါ်ပါတယ်။ နေရာစီစဉ်ပေးနိုင်ဖို့ တက်ရောက်မည့် ကင်းထောက်ကြီးများက ကြိုတင်စာရင်းပေးကြစေလိုပါတယ်။
အစဉ်အသင့်ရှိနေတဲ့ ထာဝရကင်းထောက်ကြီးများ

**ဆက်သွယ်ရန်အမည်နှင့်ဖုန်းနံပါတ်များ**

| | | | |
|---|---|---|---|
| ဦးဘကြည် | ဦးဟင်နရီပန်းအောင် | ဦးတင်အောင်ဆွေ | ဦးတင်ညို |
| ၀၉-၇၃၂၂၈၁၉၉ | ၀၁-၆၄၂၉၅၃ | ၀၉-၅၁၅၉၁၈၅ | ၀၉-၅၁၇၂၃၀၇ |
| ဒေါ်တင်လှကြည် | ဦးအေးကြိုင် | ဦးကြည်သန်း | ဦးတင်လှိုင် |
| ၀၉-၅၀၁၇၉၂၈ | ၀၉-၅၀၀၆၃၉၆ | ၀၉-၅၀၃၇၈၃၈ | ၀၉-၅၀၀၀၉၆၂ |

**ကျေးဇူး ဆပ်ပါမည်**

ဒေါ်အရှာ အမည်ပေါက် ဗိုလ်တထောင်မြို့နယ်၊ အကွက်အမှတ်(၉)၊ အမ်(၁၂၆)ဂရန်မူရင်း ခရီးသွားရင်း ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါ။ **ဦးတင်ဖေ ဖုန်း-၀၉-၈၆၁၃၃၁၈၊၀၉-၄၃၀၃၁၀၈၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၁၁၁)ဟုခေါ်တွင်သော (၆၉၉၁. ၈၉၅)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဒေါ်ကြည်ညွန့်[၁၂/လမတ(နိုင်)၀၁၆၂၄၄]၊ ဦးမောင်တိုး[၁၂/လမတ(နိုင်)၀၁၄၇၇၃]၊ ဒေါ်တင်မြလင်း[၁၂/လမတ(နိုင်)၀၂၉၆၄၉]တို့က ပိုင်ဆိုင်မှုစာချုပ်စာတမ်းများပြသပြီး လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဇော်မြတ် (LL.B)** **ဒေါ်စုသန္တာဝင်း (LL.B,LL.M)**
**(စဉ်-၈၅၀၉)** **(စဉ်-၃၅၂၉၇)**
**တရားလွှတ်တော်ရှေ့နေ နှင့် အထက်တန်းရှေ့နေ**
**အမှတ်-၅၅၊ ဒုထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.**
**ဖုန်း-၀၉-၇၃၀၅၄၃၃၉ ၀၉-၄၃၀၃၁၁၅၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၀၃၆)ဟုခေါ်တွင်သော အလျား ပေ၄၀×အနံ ပေ၆၀၊ ဧရိယာစတုရန်းပေ ၂၄၀၀နှင့် ပါမစ်မြေအမျိုးအစားကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအေးမောင်[၁၂/ကတတ(နိုင်)၀၀၃၀၀၁]ထံမှ ဒေါ်မိုးမမျိုး[၁၂/ဥကတ(နိုင်)၁၀၉၇၇၇]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပါသည်။ အထက်ပါမြေကွက်အား ဒေါ်မိုးမမျိုး[၁၂/ဥကတ(နိုင်)၁၀၉၇၇၇]က ဒေါ်တင်တင်အုန်း[၁၄/ဖပန(နိုင်)၀၈၂၅၁၀]သို့ အရပ်ကတိစာချုပ်ဖြင့်ထပ်မံ၍ ရောင်းချခဲ့ပါသည်။ ဒေါ်တင်တင်အုန်းက ယခုအရောင်းအဝယ်ပြုလုပ်မည့် မြေကွက်(ပါမစ်မြေ)အား အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေသို့ ရောင်းချရာ၊ စရန်ငွေတစ်စိတ်တစ်ဒေသအား ဒေါ်တင်တင်အုန်းသို့ ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဦးခင်ဇော်)B.A(Law)LL.B,D.B.L(စဉ်-၁၄၇၅)** **(ဦးပြည့်စုံ)(LL.B)(စဉ်-၇၀၀၅)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁/၃၃၊ ၄-လွှာ၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.**

## DTDC International Courier & Cargo Services

ပြည်တွင်းပြည်ပအမြန်ချောပို့ဝန်ဆောင်မှု
sole proprietor: Aeropost Co.ltd

Singapore, Malaysia, India, Thailand သို့ Starting from **18 US$**
အိမ်တိုင်ရာရောက် မည်သည့်နိုင်ငံမဆို အချိုသာဆုံး ဈေးနှုန်းများဖြင့် ပို့ဆောင်သည်။
KG ဖြင့် တိုင်းတာပို့ဆောင်သည်။ Your trusted economy courier service!!!
Yangon: No.72,21လမ်း(အောက်)၊ လသာ၊ ရန်ကုန်
Ph:01-374457, 09-4313095
Mandalay: 56လမ်း၊ ဘုရင့်နောင်လမ်းထောင့်၊ မြို့သစ်၊
ဖုန်း-၀၉-၇၃၅၀၆၂၀၆၊ ၀၉-၄၃၁၄၅၉၈၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၃)လမ်း၊ မြေကွက်အမှတ်(၂၂၂)၊ (အလျား ၂၅ပေ× အနံ ပေ ၅၀) အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၃½ထပ်တိုက်၏မြေညီထပ် (ခြေရင်းဘက်)တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်ထားပြီး မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ **ဦးသန်းဝင်းဦး[၁၂/ပဘတ(နိုင်)၀၀၉၁၃၁]** ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်သူရ(မြောင်းမြ)** **ဦးဇေယျာထွန်း**
**LL.B,A.G.T.I(EP),D.B.L,D.M.L** **LL.B,WIPO(SWITZERLAND)**
**WIPO(SWITZERLAND)** **ဦးစိုးလွင်ဦး**
**တရားလွှတ်တော်ရှေ့နေ** **LL.B,WIPO(SWITZERLAND)**
**ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး** **အထက်တန်းရှေ့နေများ**
**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁**

## ဦးအောင်ချိုအေး[၁၀/မလမ(နိုင်)၁၁၁၈၁၀]ကိုင်ဆောင်သူနှင့်အများသိစေရန်

လူကြီးမင်းနှင့်ကျွန်ုပ်မိတ်ဆွေတို့သည် (၁၉၈၉)ခုနှစ်က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ပြီး သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ သို့သော်(၂၀၀၈)ခုနှစ်ခန့်က ကျွန်ုပ်မိတ်ဆွေမိသားစုနှင့် ခရီးထွက်နေစဉ် ကျွန်ုပ်မိတ်ဆွေသိရှိခြင်း တစ်စုံတစ်ရာမရှိဘဲ ပစ္စည်းတချို့အား လူကြီးမင်းသဘောဆန္ဒအလျောက် ရောင်းချခဲ့ပြီး နေအိမ်မှဆင်းသွားခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်မိတ်ဆွေကိုသော်လည်းကောင်း၊ သားသမီးများကိုသော်လည်းကောင်း ထောက်ပံ့မှုမရှိဘဲ နေထိုင်ခဲ့ပါသည်။ ယခုအချိန်တွင် လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြုအမူများအား အမျိုးမျိုးပြုမူဆောင်ရွက်နေပါသောကြောင့် ကျွန်ုပ်မိတ်ဆွေတွင် များစွာစိတ်အနှောင့်အယှက် ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် ယနေ့ ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်မိတ်ဆွေအား စိတ်အနှောင့်အယှက် တစ်စုံတစ်ရာဖြစ်စေသော ပြုလုပ်မှုများအား ရပ်တန့်စေပြီး ဆက်လက်ပြုမူဆောင်ရွက်ခြင်း မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ဆက်လက်ပြုမူဆောင်ရွက်နေမည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့သည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေမိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းသန့်ဇင်အောင်(စဉ်-၈၇၀၉)**
**LL.B,WIPO,D.L.P(Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၈၃/၁၆)၊ (A)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉ ၅၁၅၀၄၀၃**

## သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဦးပိုင်အမှတ်(၂၄/က/၁)၊ ကွင်းအမှတ်-၂၅၊ ဗိုလ်ချုပ်ရေနံစက်၊ မြေကွက်အမှတ် ၀/၁၇၄၊ ၀/၀၇၇၊ ၀/၁၇၉၊ မြေကွက်တို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၀၈/၀၂)နေ ဒေါ်ထွေးရီ[၁၂/လသန(နိုင်)၀၀၄၅၀၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဦးပိုင်အမှတ်(၂၄/က/၁)၊ ကွင်းအမှတ်-၂၅၊ ဗိုလ်ချုပ်ရေနံစက်၊ အောင်ချမ်းသာရပ်ကွက်၊ မြေကွက်အမှတ် ၀/၁၇၄၊ ၀/၀၇၇၊ ၀/၁၇၉ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက်မှ အဆင့်ဆင့်ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ခံ၍ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချထားသောကြောင့် ၎င်းတို့ထံမှ ဒေါ်ထွေးရီက စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ အဆက်အစပ်စာချုပ်စာတမ်းများ၊ မြေစာရင်းပုံစံ (၁၀၅)အစရှိသည်တို့၏ မူရင်းများနှင့်တကွ လက်ရောက်လွှဲပြောင်း ဝယ်ယူပိုင်ဆိုင်သုံးစွဲလျက်ရှိပါသည်။ အဆိုပါ မြေကွက်(၃)ကွက်တို့နှင့်ပတ်သက်၍ လက်ရှိပိုင်ရှင်မှာ ဒေါ်ထွေးရီဖြစ်ပါကြောင်း အဆိုပါ မြေကွက်တို့အား ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ မြေစာရင်းပုံစံ (၁၀၅)ရေးကူးခြင်း၊ ဂရန်လျှောက်ထားခြင်း အစရှိသည်တို့ မပြုလုပ်ကြရန် ပြုလုပ်ပါက ကျွန်ုပ်အမှုသည်မှ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွေးရီ[၁၂/လသန(နိုင်)၀၀၄၅၀၈]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းမေခင်(LL.B, D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၁၂၂၃)**
**အမှတ်(၁၇၅)၊ ဖိုးစိန်လမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့၊**
**ရန်ကုန်တိုင်းဒေသကြီး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ တပ်လမ်းနေ ဦးဝင်းနိုင်[၉/မရမ(နိုင်)၀၅၂၀၃၁]နှင့် ဒေါ်ခိုင်အိမွန်အေး [၉/မရမ(နိုင်)၀၅၂၀၃၂]တို့၏သား မောင်ရဲရင့်ဝင်း[၇/ပမန(နိုင်)၁၄၁၀၉၉]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘအား ကိုယ်၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်နှင့်ဒေါ်ခိုင်အိမွန်အေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)**
**အခန်း-၅၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.**
**ဖုန်း-၀၉-၅၁၄၉၆၃၆**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာခြင်း

ဦးဆန်နီ-ဒေါ်ဥမ္မာမြင့်တို့၏သားဖြစ်သူ ဗိုလ်ကြီးနိုင်လင်းကျော်(B.E)(D.S.T.A)သည် မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး မိဘသဘောမတူသော၊ လုံးဝခွင့်မလွှတ်နိုင်သောကိစ္စရပ်အား ပြုလုပ်သွားပါသဖြင့် ၎င်းအား သားအရင်းအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား တာဝန်မယူပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဆန်နီ[၁၂/တမန(နိုင်)၀၆၅၀၆၀]**
**ဒေါ်ဥမ္မာမြင့်[၁၂/တမန(နိုင်)၀၄၁၂၃၆]**

## အထူးဝမ်းနည်းကြေကွဲခြင်း

၅-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားသော ဒုတိယဗိုလ်မှူးကြီးလွင်ဦး အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၃)မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြသန်း (မုဒုံ)
### အသက်(၉၀)

ဒေါက်တာဦးမြင့်ဦး-ဒေါ်ပြုံးကြည်(ဗက-ငြိမ်း)တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်မြသန်းသည် ၆-၂-၂၀၁၃ရက်တွင် မုဒုံမြို့၌ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းတို့မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ စိတ်ထားဖြူစင်ပြီး မေတ္တာတရားကြီးမားသော အဘွား ဒေါ်မြသန်း ကောင်းရာသုဂတိ လားပါစေ။

**သူငယ်ချင်းများ**
**စစ်သူနာပြု-အမှတ်စဉ်(၇)**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်စောဦး
**[စစ်သူနာပြု၊ အမှတ်စဉ်(၇)ငြိမ်း]**

ဦးတင့်ဆွေ(လေယာဉ်မှူး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ချိုနွယ်ဦး-ဦးအောင်သန်းကြွယ်၊ ကပ္ပတိန် ဦးနန္ဒမိုးဟိန်း (M.V, ကျိုင်းတုံ) တို့၏မိခင်သည် ၃-၂-၂၀၁၃ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းမိစော၏ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာ သုဂတိလားပါစေ။

**သူငယ်ချင်းများ**
**စစ်သူနာပြု-အမှတ်စဉ်(၇)**

## အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
### ဦးအောင်ဝင်း (ပျဉ်းမနား)
### အသက်(၅၈)နှစ်

သည် ၄-၂-၂၀၁၃ ရက်တွင် ကွယ်လွန်ခဲ့ပြီး ၆-၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ကျင်းပသောစျာပနအခမ်းအနားသို့ ကြွရောက်အားပေး နှစ်သိမ့်ကြ၍ လွမ်းသူ့ပန်းခွေများ၊ ပန်းခြင်းများပေးပို့ကြပါသော မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)နှင့် အနုပညာညီအစ်ကိုမောင်နှမများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်အားပေးနှစ်သိမ့်ကြပါသော မိတ်သင်္ဂဟများ၊ စျာပနကိစ္စအဝဝအား အစအဆုံး ကူညီဆောင်ရွက်ပေးကြပါသော မိတ်ဆွေအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်အေး၊ (ဦးကျော်မြင့်)၊ ဒေါ်နိုရာဟန်(ဦးပီထန်ခန်ပေါင်)၊ ဒေါ်ဒိုရာဟန်-Eardley Morton တို့၏မောင်၊ (ဦးတော်မီဟန်)-ဒေါ်စက်တစ်(စ်)၊ ဦးစိုးလွင်-ဒေါ်ဂျူးလီရှဲန်းတို့၏ အစ်ကို/မောင်၊ ဒေါ်ခင်လေးမြင့်၊ ဒေါ်အဲစိန်တို့၏အစ်ကို ဦးသန့်ဇင်သည် ၇-၂-၂၀၁၃ရက် နံနက် ၀၀း၁၂နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ခံစားကြရပါသည်။

**ဒေါ်နိုရာဟန်မိသားစုနှင့် မောင်နှမများ**

### ရဟန်းဒါယိကာမကြီး
### ဒေါ်တင်အေး (၇၇)နှစ်
### (မြောင်းမြ)

မြောင်းမြမြို့နေ (ဦးပု-ဒေါ်ကျင်စိန်)တို့၏ သမီး၊ (ဦးကြည်ဆောင်)-ဒေါ်စိန်၊ (ဒေါ်နီ)-ဦးခင်မောင်ဝင်း၊ ဒေါ်ကြင်ဌေး-ဦးစောကြိုင်၊ ဦးစိုးညွန့်-ဒေါ်မြသန်း၊ ဒေါ်ခင်ခင်လေး-(ဦးအေးမော်ရှိန်)၊ ဒေါ်ခင်ခင်အေးတို့၏ ညီမ/အစ်မ၊ တူ/ တူမ ၂၀ယောက်တို့၏အဒေါ်၊ [ဦးတင်အောင် (နည်းပြ၊ THS/GTI)]၏ ဇနီးသည် ၇-၂-၂၀၁၃ ရက် ညနေ ၆နာရီ တွင် သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ တိုက်(၁၈/၂) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၂-၂၀၁၃ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### သံတွဲခရိုင်အသင်း(ရန်ကုန်)
### ဦးစိုးအေး
### အသက်(၆၅)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အစိုးရအဖွဲ့ အိမ်ရာဝင်းနေ ဒေါ်မြင့်မြင့်(အ ထပြ-ငြိမ်း)၏ ခင်ပွန်း၊ ဦးစိုးအေး [တောင် ကုတ်/ဂွ (လ/ထ ညွှန်မှူး D.B.E.1) ပြည်နယ်ဝန်ကြီး(ဘဏ္ဍာ/အခွန်) ရခိုင်ပြည်နယ်အစိုးရအဖွဲ့]သည် ၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် သံတွဲခရိုင် အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## အိမ်ခြံအရောင်းအဝယ်ကတိစာချုပ်ပျောက်ဆုံးခြင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းအောင်[၁/မကန(နိုင်)၁၁၄၉၆၉]သည် ၇-၁-၂၀၁၃ရက်တွင် အငှားယာဉ်ဖြင့် ခရီးသွားစဉ် ဦးစိန်ကြည်နှင့် ဒေါ်နန်းအောင်တို့ ချုပ်ဆိုခဲ့သော အိမ်အမှတ်(၇၂၄/ခ)၊ အောက်မင်္ဂလာဒုံလမ်း၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော အိမ်နှင့်ခြံအရောင်းအဝယ်ကတိစာချုပ်မှာ ပျောက်ဆုံးသွားခဲ့ပါသည်။ တွေ့ရှိပါက ကျေးဇူးဆပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကံမြင့်(စဉ်-၃၂၃၃) (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ ရှေ့နေများရုံးခန်း စုပေါင်းရုံး၊ အင်းစိန်မြို့။**
**ဖုန်း-၀၉-၅၀-၉၂၄၉၂**

**ကျေးဇူး ဆပ်ပါမည်**

ဦးတင်ဇော်မိုး၏ သင်္ဘောသားလုပ်သက် မှတ်တမ်းစာအုပ်အမှတ် ရန်-၁၀၄၅/၀၅သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၄၉၇၂၂၆၅၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ အေးကဥ္စနာကျော် ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် A-000864သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မအေးကဥ္စနာကျော်**
**ဖုန်း-၀၉ ၄၃၀၅၁၀၄၂**

### မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း
### ရုပ်ရှင်ဒါရိုက်တာ
### အကယ်ဒမီ ဦးတင်ယု
### အသက်(၉၃)နှစ်
### ကန်တော့ခံပုဂ္ဂိုလ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ ပုလဲကွန်ဒို၊ တိုက်အမှတ်(ဘီ)၊ အခန်း(၁၀၄)နေ (ဂျေဦးစိန် DYSP-ဒေါ်မြခင်)တို့၏သား၊ ဒေါ်မြင့်မြင့်ရီ(ခ)မာလာရီ၏ခင်ပွန်းသည် ၅-၂-၂၀၁၃ (အင်္ဂါနေ့) ည ၈ နာရီတွင်ကွယ်လွန်ပါ၍ ၇-၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

### ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်စီစီ(ရာ/၄၆၄)
### အသက်(၈၁)နှစ်

ညောင်တုန်းမြို့နေ (ဦးဖော်ဝါး-ဒေါ်ညီမ) တို့၏သမီး၊ (ဦးတင်)၏ဇနီး၊ အမှတ်(၄၈)၊ အုတ်လမ်း၊ ဗဟန်းမြို့နယ်နေ ဒေါ်စီစီသန်း၊ ဦးဇော်တင်၊ ဒေါ်စီစီဝင်း၊ ဒေါ်နီနီတင်တို့၏ မိခင်ကြီးသည် ၂၈-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၃ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်ရင်မြင့် (၇၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၄၉)နေ (ဦးဘမော်-ဒေါ်ဖွားမြ) တို့၏သမီး၊ (ဦးအေးလှိုင်) (ရာ/၁၂၆၀)၏ဇနီး၊ ဒေါ်လှလှနွယ် (ရာ/၄၁၅)၏ မိခင်ကြီးသည် ၁၅-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၃ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဒေါ်အိုက်ရှာဘီ(ခ)ဒေါ်အမာ
### (လှည်းဆိပ်)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇)၊ (၁၂၄)လမ်း၊ သပြေကုန်းရပ်ကွက်နေ [ရှိတ်အလီ(ခ)ဦးမျိုးဆွေ]၏ဇနီး၊ ဦးမောင်ချစ်-ဒေါ်ခင်ဆန်း (ချစ်သက်နိုင်-မှန်ဘောင်လုပ်ငန်း)၊ ဦးမျိုးတင့်-ဒေါ်သန်းသန်းနု၊ ဦးအွတ်စမန်း-ဒေါ်ချယ်ရီဆွေ(Q-Lay ရွှေ့ဘား ရောင်းဝယ်ရေး)၊ (ဦးသန်းဝင်း)-ဒေါ်ကေသီဆွေ(မိဘရိပ်-ကုန်မာရောင်းဝယ်ရေး)၊ ဦးမျိုးဝင်း-ဒေါ်စံပယ်မြင့်၊ ဟာဂျီဦးသီဟ-ဟာဂျီမ ဒေါ်ဝေဝေလွင်၊ ဒေါ်စန္ဒာဆွေ (မိဘရင်ခွင်-မူကြို)၊ ဦးမျိုးသန့်-ဒေါ်အေးအေးမြင့် တို့၏မိခင်၊ မြေး ၂၀ ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား ဒေါ်အိုက်ရှာဘီ(ခ)ဒေါ်အမာသည် ၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည၈း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၇-၂-၂၀၁၃ရက် နံနက် ၁၁း၃၀နာရီတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)
### ဦးသိန်းမောင်
### အသက်(၉၁)နှစ်
### သက်ကြီးပူဇော်ခံ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်(၃)ရပ်ကွက်၊ သဇင်နီလမ်း၊ အမှတ်(၁၉)နေ ရာ/အသင်းဝင် ဦးသိန်းမောင်သည် ၃-၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဘုရား၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဦးသန်းညွန့် (၈၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ပန်းလှိုင်(၁)လမ်း၊ အမှတ်(၃၂)နေ (ဦးစိန်-ဒေါ်အေးမြင့်)တို့၏သား၊ ဒေါ်ဖွားချစ်၏ခင်ပွန်း၊ ဦးခင်မောင်မောင်-ဒေါ်သိန်းသိန်းဆွေ၊ ဦးခင်မောင်လွင်-ဒေါ်သိန်းသိန်းငွေ၊ ဒေါ်မြမြဝင်း (ကထိက၊ သချာ်၊ ပခုက္ကူ)၊ ဦးကြီးမြင့်-ဒေါ်အေးအေးဆင့်(ခေတ္တ-USA)၊ ဦးမြင့်ကြည် (မိုးမြင့်ကမ္ဘာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-ဒေါ်စန်းစန်းရင် [M.M.K (Construction)]၊ ဦးလှဝင်း-ဒေါ်မြင့်မြင့်မော်တို့၏ မွေးသဖခင်၊ မြေး ၁၀ ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၈-၂-၂၀၁၃ (သောကြာနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### သထုံမြို့နယ်အသင်း(ရန်ကုန်)
### ဒေါက်တာစိုးအောင်
### ဗိုလ်မှူး(ငြိမ်း) (၇၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမက(၄၉) ကျောင်းလမ်း၊ အမှတ်(၉၈/ခ)နေ ဒေါ်ခင်ခင်အိ(အထပြ-ငြိမ်း)၏ခင်ပွန်း ဒေါက်တာစိုးအောင်သည် ၇-၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၃ (စနေနေ့)တွင် အမှတ်(၂) တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/သားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဒေါက်တာစံရွှေမောင် (၆၃)နှစ်
### ဆမ-၅၀၁၆၊ (မြောက်ဦး)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ ခမ္မာရုံ(၁)လမ်း၊ အမှတ်(၄၃၉)၊ သုံးလွှာနေ (ဦးကျော်လှအောင်-ဒေါ်စံ မြခိုင်)တို့၏ သား၊ (ဦးကုလားသျှေ-ဒေါ်စိန်ဖြူ)တို့၏သားသမက်၊ ဒေါ်မြမေ ၏ခင်ပွန်း၊ ဦးဝင်းရွှေမောင်-Dr.နီနီစံ၊ ဦးမျိုးညွန့်အောင်-ဒေါ်လှမြတ်နွယ်၊ (ဦးမျိုးထွန်းနိုင်)တို့၏မွေးသဖခင်၊ (ဦးလှစောဦး)၊ ဒေါ်ခိုင်စောနု၊ ဒေါ်မနုဖြူ၊ ဦးစံသာကျော်၊ (ဦးထွန်းရွှေကျော်)၊ (ဒေါ်နုစိန်သာ)၊ ဒေါ်ကျော့စိန်၊ ဒေါ်အေးခိုင်သာတို့၏ညီ/မောင်၊ ဦးသာထွန်းကျော်၊ ဒေါ်မြသိန်းနု၊ ဒေါ်သန်းရွှေ၊ ဒေါ်ခိုင်ရွှေထိုးတို့၏အစ်ကို၊ မအေးမီမောင်၊ မစောယုနွယ်တို့၏ အဘိုးရှင်သည် ၈-၂-၂၀၁၃ (သောကြာနေ့) နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဂွမြို့နယ်အသင်း(ရန်ကုန်)
### ဦးစိုးအေး
### အသက်(၆၅)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အစိုးရအဖွဲ့ အိမ်ရာဝင်းနေ ဒေါ်မြင့်မြင့်(အထပြ-ငြိမ်း)၏ ခင်ပွန်း၊ ဦးစိုးအေး[တောင်ကုတ်/ဂွ(လ/ထ ညွှန်မှူး D.B.E.-1) ပြည်နယ်ဝန်ကြီး(ဘဏ္ဍာ/အခွန်) ရခိုင်ပြည်နယ်အစိုးရအဖွဲ့]သည် ၆-၂-၂၀၁၃ (ဗုဒ္ဓဟူး နေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ဂွမြို့နယ် အသင်းသူ/ အသင်းသားများ လိုက်ပါပို့ဆောင်ရန် အသိပေးအပ်ပါသည်။ (ရန်ကုန်ဆေးရုံကြီး အအေးတိုက် မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တသောဘဏာသိရီမဟာထေရ်
### သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၀)
### သဒ္ဓမ္မဝတီရိပ်သာ၊ ကမ္မဋ္ဌာန်းကျောင်းတိုက်
### ဦးစီးပဓာန နာယကဆရာတော်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ သဒ္ဓမ္မဝတီကျောင်းတိုက်၊ သဒ္ဓမ္မဝတီရိပ်သာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသောဘဏာသိရီမဟာထေရ်မြတ်ကြီးသည် (၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ရက်) ၅-၂-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၂း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူ သွားပါသဖြင့် (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်) ၁၁-၂-၂၀၁၃(တနင်္လာနေ့) ညနေ ၃နာရီတွင် ဆရာတော်ကြီးသိတင်းသုံးတော်မူရာ သဒ္ဓမ္မဝတီကျောင်းတိုက်မှ ဘိုကလေးမြို့သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားသိစေအပ်ပါသည်

**စျာပနကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာမကြီး
### ဒေါ်အေးမြင့် (၇၈) နှစ်

'ထွန်းမိသားစု' သစ်စက်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးတို့၏ မိခင်ကြီး ဒေါ်အေးမြင့် ကွယ်လွန်ကြောင်း သိရသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မိဘဂုဏ်(ကိုထွေး)
ရန်ကုန်အရောင်းခန်းမ၊ နေပြည်တော်အရောင်းခန်းမ

## ဝမ်းနည်းကြေကွဲခြင်း

ရခိုင်ပြည်နယ်၊ အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးစိုးအေး(၆၅)နှစ်သည် ၆-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊**
**မင်းပြားမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ချိုချိုလှိုင်
### အသက်(၄၇)နှစ်
**ကထိက၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်**

ဒဂုံတက္ကသိုလ်၊ ပထဝီဝင်ဌာန၊ GISသင်တန်းသူ ဒေါ်ချိုချိုလှိုင်(GIS-8)သည် ၂-၂-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ဆရာမများနှင့် GIS (1st Batch)**
**သင်တန်းသူ၊ သင်တန်းသားများ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လှိုင်ဘူတာရုံလမ်း၊ အမှတ်(၂၈၀) (ပထပ်-ဝဲ)၊ (၁၇'×၅၄') ရှိအခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ရန်အတွက် ပိုင်ရှင်ဆိုသူသို့ စရန်ငွေတစ်စိတ်တဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါအခန်းနှင့်ပတ်သက်၍အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။ အဆိုပါနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်ညွန့်**
၀၆၃-၂၄၃၉၀
၀၆၃-၂၅၉၂၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၆)လူနေရပ်ကွက် (ကံဘဲ့)မြေကွက်အမှတ်(၈-ဇက်/၃) ဧရိယာ၀. ၀၆၂ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကင်းမြို့နယ် သုခဝတီလမ်း(ယခင် စူနီရမ်ပါတ် လမ်း)အိမ်အမှတ်3(F)ဟု ခေါ်တွင်သော နှစ်ထပ်အုတ်ညှပ်အိမ် အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာနတွင် ဒေါ်ငွေငွေမြင့်[၁၂/ရကန(နိုင်)၀၂၄၉၀၅]၏ အမည်ပေါက်တည်ရှိပါသည်။ ဒေါ်ငွေငွေမြင့်နှင့်ခင်ပွန်းဦးကျော်ဒွန်းတို့ ကွယ်လွန်သွားပြီးနောက် အမွေဆက်ခံပိုင် ခွင့်ရှိသော သားသမီး(၇)ဦး ကျန်ရစ်ခဲ့ပါသည်။ ထိုသားသမီး(၇)ဦးအနက် သမီးများဖြစ်သော ဒေါ်ဝင်းဝင်းနှင့် ဒေါ်ကေသီမြင့်တို့မှာ အပျိုကြီးဘဝဖြင့်ကွယ်လွန်ခဲ့ပြီးဖြစ်၍ ကျန်ရစ်သောသားသမီး(၇)ဦးဖြစ်သည့် ဦးသန်းအောင်[၁၂/အလန(နိုင်)၀၂၅၃၇၄]၊ ဒေါ်သီတာမြင့်[၁၂/လမန(နိုင်)၀၉၁၂၅၅]၊ ဦးကျော်စိုးမင်း[၉/မနမ (နိုင်)၀၆၅၀၃၀]၊ ဒေါ်နှင်းနှင်းဖြူ[၁၂/ရကန(နိုင်)၀၂၄၉၀၂]၊ ဦးရန်လင်းမြင့်[၁၂/ရကန(နိုင်)၀၂၆၃၄၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါမြေပိုင်မြေကွက်ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ထားမြစ်လိုပါက ၎င်းကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ငြိမ်းငွေ(စဉ်-၁၂၇၁)**
**B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၃၉၂၃၉၄**

**သမားတော် ဦးဘိုကြီး ၏**
**ရွှေပဒေသာပြည် လုံးချမ်းသာဆေးတိုက် နှင့် ဆေးကုဌာန**
**ရှမ်းပြည်နယ်မှ အစွမ်းထက်သော မြန်မာ့ဆေးစွမ်းကောင်းများ**
**နှလုံးဆေး** ➢ နှလုံးတုန်ခြင်း၊ နှလုံးစူးခြင်း၊ နှလုံးအောင့်ခြင်း အတွက် နှလုံးဆေး
**သွေးတိုးကျဆေး** ➢ လေးဖက်နာသောက်ဆေး 0513 YR 002564 1013 YR 002566
**အဆီကျဗိုက်ချပ်ပိန်ဆေး** ➢ အသည်း တွင် ဖုံးနေသောအဆီများကို ပျော်ကျစေနိုင်သည်။
ထုတ်လုပ်ခွင့်လိုင်စင် – ၈/၂၀၁၁၊ တဆထလ/တိုး (၀၅၉) ➢ TMR 003077 (0514) ➢ 0513 YR 002153
တိုက်–B၊ အခန်း–၀၀၂၊ ရေတာရှည်လမ်းသစ်၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း–၀၉၅၂၁၁၆၂၁
ကြော်ငြာခွင့်ပြုချက်အမှတ်–၂၂၀/တဆဝက (စာနယ်ဇင်း) ၀၁၀၁၃ ပင်ရင်း ➢ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

# ကမ္ဘာလှည့်များလာရောက်လေ့လာလျက်ရှိသော ညောင်ရွှေမြို့နယ်မှ ရွှေရန်ပြေကျောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်သို့ လာရောက်လေ့လာကြသော ကမ္ဘာလှည့်ခရီးသွားအများစုတို့သည် အင်းလေးကန်အတွင်း သွားရောက်လေ့လာကြသလို အင်းလေးကန်သို့မသွားမီ ဦးစွာ မြို့အဝင်၌တည်ရှိသော ရွှေရန်ပြေအတုမရှိ ရွှေကျောင်းတော်ကြီးအား လေ့လာကြည့်ရှုကြသည်ကို တွေ့ရသည်။

ပြည်ပခရီးသွားများ ယင်းကျောင်းတော်ကြီးကို အဘယ့်ကြောင့် လေ့လာကြကြောင်းကို တင်ပြရလျှင် ရွှေရန်ပြေအတုမရှိ ရွှေကျောင်းတော်သည် ညောင်ရွှေမြို့နယ် တီလောစခန်းကြီးကျေးရွာအုပ်စု ရွာတော်ရွာ (ခေါ်) ရွှေရန်ပြေရွာဦးတွင်တည်ရှိပြီး ညောင်ရွှေစော်ဘွားကြီး စောအုံနှင့် မဟာဒေဝီ၊ နယ်သူနယ်သားတို့က ဆောက်လုပ်လှူဒါန်းခဲ့ကြပြီး မြန်မာသက္ကရာဇ် ၁၂၅၁ ခု၊ နယုန်လပြည့်ကျော် ၅ ရက်တွင် ကျောင်းတော်ကို ရေစက်ချသည်ဟု သိရသည်။

ကျောင်းတော်၏အလျားမှာ ၈၅ ပေ၊ အနံ ၅၅ ပေရှိပြီး မြေစိုက်တိုင်လုံးပေါင်း ၁၆၇ လုံးဖြင့် တည်ဆောက်ထားကာ အပြင်မျက်နှာစာတိုင်များကို မှန်စီသရိုးကိုင်ကာ လေ၊ မိုး၊ နေဒဏ်တို့ကို ကာကွယ်ပေးထားသည်။

ဘုံပြာသာဒ် အဆင့်ဆင့်ဖြင့် အထွတ်တင်ပူဇော်ထားပြီး ပန်းဆွဲ ပန်းကနုတ်လက်ရာတို့ဖြင့် မွမ်းမံထားပုံမှာ အဆန်းတကြယ် တင့်တယ်လျက်ရှိပြီး ပြတင်းတံခါးတို့ကို ဘဲဥပုံသဏ္ဌာန် ဖောက်လုပ်ထားသည်မှာ ထူးခြားမှုဖြစ်၍ အမြင်ဆန်းလျက်ရှိသည်။

ကျောင်းမြောက်ဘက် အရှေ့မင်္ဂလာလှေကားမှာလည်း မာန်တဝင့်ဝင့်နှင့် ဟန်ရေးပြနေသည့် ခြင်္သေ့နှစ်ကောင်တို့က "လာရောက်သူတို့သည် မာန်မာနတရားဥံနေရာ၌ထားရှိခဲ့ပြီး ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ○**



သတင်း မှတ်စုနှင့် ဓာတ်ပုံ ❚ ငွေးအောင် (ကြေးမုံ)

ညောင်ရွှေမြို့နယ် ရှိ ရွှေ ရန် ပြေ ကျောင်းတော်ကြီးကို လာရောက်လေ့လာကြသည့် ကမ္ဘာလှည့် ခရီးသွားများအား တွေ့ရစဉ်။

# မြန်မာနိုင်ငံမြောက်ဘက်စွန်းဒေသရှိ ခရီးသွားလေ့လာစရာကောင်းသည့်နေရာများ

**သတင်းမှတ်စု - စိုးစိုးနိုင်(ကြေးမုံ)**
**ဓာတ်ပုံမှတ်တမ်း - အောင်ကျော်ဝင်း**

မြန်မာနိုင်ငံ၏ မြောက်ဘက်ဆုံး အပိုင်း၌ တည်ရှိသော ကချင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၃၄၃၇၉ ဒသမ ၂၂ ကျယ်ဝန်းသည်။ တောတောင်ထူထပ်သော ပြည်နယ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏အမြင့်ဆုံး တောင်ထိပ်များဖြစ်သော ခါကာဘိုရာဇီ (၁၉၂၉၆ ပေ)နှင့် ဂမ်လန်ရာဇီ (၁၉၁၄၂ ပေ) စသည့် တောင်ထိပ်များတည်ရှိကာ ဆီးနှင်းရေခဲများအမြဲဖုံးလွှမ်းလျက်ရှိသည်။ အကျယ်ဆုံး လွင်ပြင်များမှာ ချင်းတွင်းမြစ်ဖျားရှိ တနိုင်းခမြစ်ဝှမ်းမှ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ မလိခမြစ်ဝှမ်းရှိ ပူတာအိုလွင်ပြင်၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့ဝန်းကျင်ဒေသများ၊ အင်းတော်ကြီးကန်၊ မိုးကောင်းချောင်း၊ ကောက်ကွေ့ချောင်းပတ်ဝန်းကျင်ဒေသများ တည်ရှိသည်။



ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ သဘာဝတောင်ပေါ်ထင်းရှူးတောကို တွေ့ရစဉ်။

ထိုဒေသအတွင်း ရေခဲဖုံးတောင်များ၊ သာယာလှပသော သဘာဝရေမြေတောတောင်ရှုခင်းများ၊အပင်နှင့် တိရစ္ဆာန်မျိုးစိတ်သစ်များ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ရှားပါးတိရစ္ဆာန်များအား လေ့လာကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

**ပိတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**သည် မြစ်ကြီးနားမြို့နယ်တွင်တည်ရှိပြီး ဧရိယာ ၄၇ ဒသမ ၁၃ စတုရန်းမိုင် ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောတွင် အမြဲစိမ်းတောနှင့် တောင်ပေါ်တောဂေဟစနစ်များ၊ ချေ၊ တောဝက်၊ ငှက်မျိုးများနှင့် တွားသွားသတ္တဝါများအား လေ့လာနိုင်သည်။

**ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်**သည် နောင်မွန်မြို့နယ်တွင် တည်ရှိပြီး

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**


ယနေ့ မာတိကာ

လက်တွဲညီညီ ရှေ့သို့ချီမည့် ပြည်ထောင်စုဖွား ညီနောင်များ

စာမျက်နှာ - ၉

ဂလက်စဂိုးမြို့သားကြီး ဆာအဲလက်စ်ဖာဂူဆန်အား အက်ဖ်အေက ပေါင် ၁၂၀၀၀ ဒဏ်တပ်

စာမျက်နှာ - ၁၃


## ကြော်ငြာအပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ အပိုစာမျက်နှာ လေးမျက်နှာ ပါရှိပါသည်။


